မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ်(၃၂၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြစ်ကြီးနားမြို့နယ် ရွှေခက်ကျေးရွာ၌ နှစ် ၃၀ သက်တမ်းရှိ သစ်မွှေးပင်များကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)

အဖိုးထိုက်တန်သော ရှားပါးသစ်မွှေးပင်များ ကချင်ပြည်နယ်တွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနေပြီ

မြေသို့ချမစိုက်မီ သစ်မွှေးပျိုးပင်များကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)

သတင်းခရီးသည် မြင့်မောင်စိုး | ဓာတ်ပုံမှတ်တမ်း မျိုးမင်းသိန်း(မရမ်းကုန်း) | စာမျက်နှာဖွဲ့စည်းမှု လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၆

ကချင်ပြည်နယ်သည် တွင်းထွက်ရတနာများထွက်ရှိရာ ဒေသတစ်ခုဖြစ်သကဲ့သို့ သဘာဝသစ်တောထွက် သယံဇာတများလည်း ပေါကြွယ်ဝရာ ဒေသတစ်ခုဖြစ်ပေသည်။

သစ်မွှေး

ထို့အပြင် ကချင်ပြည်နယ်သည် အစွမ်းထက်သော သစ်တောထွက်သယံဇာတများဖြစ်သည့် ဆေးမြစ်အမျိုးမျိုးနှင့် သစ်မွှေးများထွက်ရှိခဲ့ရာ ဒေသတစ်ခုလည်းဖြစ်သည်။ ကချင်ပြည်နယ်မှထွက်ရှိသော မချစ်ဥ၊ ခန်းတောက်မြစ်နှင့် ဂျင်ဆင်းဆေးမြစ်တို့သည် အစွမ်းထက်သော ဆေးမြစ်များဖြစ်သည်။ ထို့အပြင် ကချင်ပြည်နယ်မှထွက်ရှိသော သစ်မွှေးဆီသည် ကမ္ဘာတွင်အကောင်းဆုံးနှင့် ဆေးစွမ်းအထက်ဆုံးဖြစ်ကြောင်း သိရသည်။

ပြန်လည်ပြုပြင်

မကြာမီက မြန်မာ့အလင်းသတင်းအဖွဲ့သည် ကချင်ပြည်နယ်အတွင်း မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသော အဖိုးအနဂ္ဃ ထိုက်တန်လှသည့် ရှားပါးသစ်မွှေးပင်များ ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ပြုစုပျိုးထောင်စိုက်ပျိုးလုပ်ကိုင်ရာ ငွေပျော်သစ်မွှေးစိုက်ပျိုးရေးလုပ်ငန်းသို့ မြစ်ကြီးနားတက္ကသိုလ် ရုက္ခဗေဒဌာနမှ ဒေါက်တာဒေါ်ကလျာလှ ဦးဆောင်၍ သွားရောက်လေ့လာခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ *

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ(၅)တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဩဂုတ် ၂၇ ရက်)

ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် နိုင်ငံ့အကျိုး စွမ်းစွမ်းတမံသယ်ပိုးထမ်းဆောင်သူများဖြစ်ရန် ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ နည်းပညာတို့ကို အလွယ်တကူ လေ့လာသင်ကြားနိုင်ရန်အတွက် ပြည်ထောင်စုတစ်ဝန်း၌ ပညာရေးအခွင့်အလမ်းများကို ဖြန့်ကြက် ဖော်ဆောင်ပေးလျက်ရှိသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ လူ့ဘောင်အဖွဲ့အစည်း၏ ကုန်ထုတ်လုပ်ရေး၊ ပညာရေးနှင့် ကျန်းမာရေး စသည့်လုပ်ငန်းကိစ္စတို့၌ နည်းပညာများအဓိကထား၍ ဆောင်ရွက်နေသော အချိန်ကာလဖြစ်သည်။

မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာ၊ နည်းပညာများကို အပတ်တကုတ်သင်ယူပြီး နိုင်ငံ့အကျိုးကို ထမ်းဆောင်နိုင်သည့် နိုင်ငံ့သားကောင်း သမီးကောင်းများအဖြစ် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

အမိနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလုပ်အကျွေးပြုကြမည့် အဓိကကျသော အင်အားစုများသည် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များသာဖြစ်သည်။ တိုးတက်ဖြစ်ထွန်းနေသော နည်းပညာရပ်များကို လေ့လာတတ်မြောက် ကျွမ်းကျင်မှုရှိစေရေးအတွက် လေ့ကျင့်သင်ကြားနေကြရမည်ဖြစ်သကဲ့သို့ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်များဖြစ်ရန် အားထုတ်ကြရမည်ဖြစ်သည်။

ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရာတွင် ကျေးလက်ပြည်သူများပါမကျန် စာပေဗဟုသုတပညာရပ်များဖွံ့ဖြိုးတိုးတက်လာစေရန် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိပြီး ဗဟုသုတပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာကာ နည်းပညာရပ်များတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန်ရည်ရွယ်၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကိုလည်း ထူထောင်ဖွင့်လှစ်ပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်၏ မြန်မာ့ပညာရေးမျှော်မှန်းချက် အခြေခံပညာကဏ္ဍလုပ်ငန်းစဉ်များကို အလေးအနက် အကောင်အထည်ဖော်လျက်ရှိရာ၌ မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတော်သစ်အတွက် ထူးချွန်ထက်မြက်၍ နိုင်ငံ့အကျိုး သယ်ပိုးထမ်းရွက်မည့်သူများဖြစ်ရန် စွမ်းစွမ်းတမံထမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၈)အမှတ်(၈)ထွက်ပြီ

ရန်ကုန် ဩဂုတ် ၂၆

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကိုရီးယားသမ္မတနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံသည့် သတင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသုရရွှေမန်းနှင့်ဇနီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် (၈၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်သည့် သတင်းများနှင့်အတူ ၂၀၁၀ ရွေးကောက်ပွဲအမြင်၊ ပြည်ပဖိအားပေးမှုကို မေ့ထားပြီး ပြည်တွင်း၌သာ အဖြေရှာသင့် ဆိုသည့် မျက်နှာဖုံးဆောင်းပါးနှင့် စက်မှုလုပ်ငန်းများတွင် ပြည်တွင်းကုမ္ပဏီများ ရင်းနှီးမြှုပ်နှံနိုင်ရေး အားပေးကူညီလျက်ရှိ၊ အာဆီယံသည် တစ်ကမ္ဘာလုံးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးဒေသတစ်ခုဖြစ်၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစစ်တမ်း(၈)၊ ခေါင်းဆောင်အတွေး၊ စာနယ်ဇင်းနှင့် နိုင်ငံရေး(၄)၊ ဗုဒ္ဓဘာသာရွှေနိုင်ငံ၏ ဓမ္မဒဿီဘွဲ့ခံ ရှင်အရဟံ၊ ဆရာမောင်ဆုရှင်၏ နောက်ဆုံးအမှာစာနှင့် ကျွန်တော်ဟောပြောရခြင်းဆောင်းပါးများအပြင် မြတ်မင်းမွန်(ပုလဲ)၏ ဆုတောင်းကဗျာနှင့် လယ်မြေကေ ၂၀၀၀ အတွက် ရေပေးဝေနိုင်သည့် လင်ပန်းရေလှောင်တမံ ကန့်ဘလူမြို့နယ်၌ တည်ဆောက်ဖွင့်လှစ် စသည့် ပြည်တွင်းပြည်ပသတင်းများ စုံစုံလင်လင်၊ဓာတ်ပုံများ ဝေဝေဆာဆာ ဖော်ပြပါရှိသည်။

အဆိုပါဂျာနယ် ရရှိနိုင်သောနေရာများမှာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန်၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပန်းရွှေပြည်စာအုပ်ဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်တို့ဖြစ်ပြီး ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန်လိပ်စာမှာ အမှတ် ၈ ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဗားကရာလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၃၀၂ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၇-၈-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၀	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀	၇။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၂၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	ကာတွန်းအစီအစဉ် **ပြိုင်ကားကလေးဇက်ပါ** (ဇာတ်သိမ်းပိုင်း)
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၈၄)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	အနုပညာရှင်၏ တစ်နေ့တာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန် အတွဲ(၃)** (အပိုင်း-၂)
	၂၂။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အပိုင်း-၄)

ဟိုတယ်/ခရီး ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ကျိုက်လတ်၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၆

ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ်အတွင်းမှ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ရက်က ကျိုက်လတ်မြို့ ရွှေဧရာအောင်ခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်တက်ရောက်၍ အမှာစကားပြောကြားပြီး ငါးဘာသာဂုဏ်ထူးရှင် မသန်းယုလွင်နှင့် မောင်ထက်စွမ်းဝင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများကိုလည်းကောင်း၊ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် အောင်ချက်အကောင်းဆုံးဆုရ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းများတွင် အောင်ချက်အကောင်းဆုံးဆုရ ထရော်ရွာသစ် တွဲဖက်အခြေခံပညာအထက်တန်းကျောင်းတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ချီးမြှင့်သည်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ကျိုက်လတ်မြို့နယ် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သင်ပြပေးသော ဆရာဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ချီးမြှင့်စဉ်။ (ဟိုတယ်/ခရီး)

ထို့နောက် တာဝန်ရှိသူများက လေးဘာသာနှင့်အောက် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ကြီးက သင်ကြားပြသပေးသောဆရာ ဆရာမများနှင့်ဂုဏ်ထူးရရှိသော ကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများကိုလည်းကောင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် Grand Lotus ကုမ္ပဏီမှ အလှူရှင် ဦးကျော်စွာမင်းက ငွေကျပ် ၁၉ သိန်းတန်ဖိုးရှိ စာရေးခုံအလုံး၅၀ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ထူးချွန်ဆုရ ကျောင်းသူတစ်ဦးနှင့် မြို့နယ်ပညာရေးမှူးတို့က ကျေးဇူးတင်စကား ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခင်ဦးမြို့၌ ပညာပေးဟောပြော

ခင်ဦး ဩဂုတ် ၂၆

ခင်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၁ရက် နံနက် ၉နာရီကကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လက်ထောက် ကျန်းမာရေးမှူး ဒေါက်တာဝင်းမြတ်နွယ်က မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ အမျိုးသားရေးမူဝါဒများကို ရှင်းလင်းပြောကြားရာ မြို့ပေါ်လေးရပ်ကွက်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ တက်ရောက်ကြသည်။ (၁၈၂)

ကျောက်တံခါး၌ ပတ်ဝန်းကျင်သန့်ရှင်း

ကျောက်တံခါး ဩဂုတ် ၂၆

ကျောက်တံခါးမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအစီအစဉ်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ဩဂုတ် ၁၅ရက်က ဒဂုံမန်းကားလမ်းဘေးဝဲယာနှင့် မြို့ဝင်မြို့ထွက်တို့တွင် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသင်းဦးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ***(မြို့နယ်စည်ပင်)***

ရန်ကုန်မြို့ ဒဂုံမြို့နယ် မင်းကျောင်းလမ်းနေ ဒူးရင်းသီး ဦးစိုးမြင့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဘိုးဘွားများအား တစ်နေ့တာ အထူးအာဟာရကျွေးမွေးရန်အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။
(ဘိုးဘွားရိပ်သာ)



ရေပိုက်သွယ်တန်းမှု ကွင်းဆင်းကြည့်ရှု

ဟားခါး ဩဂုတ် ၂၆

မတူပီမြို့နေ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေး၊ ရေထွက်နေရာအသစ်မှ မြို့တွင်းအထိ ရေပိုက်လိုင်းသွယ်တန်းရေး ဆောင်ရွက်မှုကို ဩဂုတ် ၅ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးတက်သစ်၊ အမှုဆောင်အရာရှိ ဦးလိုင်ဦးနှင့် မြို့မိမြို့ဖများ ကွင်းဆင်းကြည့်ရှု ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ***(ပြည်နယ် ပြန်/ဆက်)***

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ယဉ်ကျေးမှုသံမှူးရုံးတာဝန်ခံ မစ္စတာကောင်းဟွာ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုသံမှူးရုံးတာဝန်ခံ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၆

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ယဉ်ကျေးမှုသံမှူးရုံးတာဝန်ခံ မစ္စတာကောင်းဟွာသည် ယမန်နေ့ မွန်းလွဲ၁နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့လာရောက်တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ခုနှစ် တော်သလင်းလဆန်းစရက် (ဥပုသ်နေ့)
၂၇-၈-၂၀၀၉ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ **အောင်တော်မူ** စောမင်းနောင်၊ စိုင်းညီမင်း [တေးရေး- ဗိုလ်ကလေးတင့်အောင်]
၇:၅၀ ၅။ **လေးဆူဓာတ်စံ ရွှေစာရံ**
၈:၀၀ ၆။ သံသာချိုအေး မင်္ဂလာတေး
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [အခြေခံပညာ ၁၀-၁၅နှစ်] (အမျိုးသား၊ အမျိုးသမီး)
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ Islands of Dhamma
၈:၅၀ ၁၁။ ဘဒ္ဒန္တရေဝတ (အဂ္ဂမဟာပဏ္ဍိတ) ငွေကြာယံကျောင်းတိုက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းထံမှ နဝင် ဥပေါသထသီလခံယူ ဆောက်တည်ခြင်း

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ အဆိုပြိုင်ပွဲ
၄:၂၀ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၃၀ ၄။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) [အထက-၁၊သာကေတ] (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ- ဒုတိယနှစ် [မြန်မာစာအထူးပြု (မြန်မာစာ)]
၅:၁၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၅:၂၀ ၈။ နားဝင်ပီယံ သူ့လက်သံ
၅:၃၀ ၉။ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [အခြေခံပညာ ၅-၁၀နှစ်] (အမျိုးသား၊အမျိုးသမီး)
၅:၄၅ ၁၀။ ဂီတသံစဉ် အလှဆင်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ပျော်ရွှင်စေသော နေ့ရက်များ **စက္ကူမြားပစ်နည်း** (အပိုင်း-၁) သူရလင်း၊ မိုးပြည့်ပြည့်မောင်၊ ယုဇနဗိုလ်မြင့် [ဒါရိုက်တာ-အောင်ကျော်သူရ]
၆:၃၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး တစ်ယောက်တည်း** (အပိုင်း-၁၅)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ**(အပိုင်း-၅၂)
၂၀။ လွင်မိုးခရီးသွားနေသည် **မြိတ်ကျွန်းစုများ ဆီသို့** (အပိုင်း-၈)
၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန စီမံခန့်ခွဲရေးအဖွဲ့ စည်းဝေး

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၆

အရှေ့တောင်အာရှပညာရေးဝန်ကြီးများ၏အဖွဲ့ (ဆီမီယို)၏ ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန စီမံခန့်ခွဲရေးအဖွဲ့ အဋ္ဌမအကြိမ်မြောက်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အရှေ့တောင်အာရှနိုင်ငံများမှ ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန စီမံခန့်ခွဲရေး အဖွဲ့ဝင်များ၊ ဆီမီယိုအတွင်းဝန်ရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်၊ ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာနညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ထိုင်းနိုင်ငံ အခြေစိုက် အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများ၏အဖွဲ့ အတွင်းဝန်ရုံးမှ မစ္စတာနော်ပိုင်းဇမ်ဒင် အတ်ဒူလာတို့က အမှာစကား ပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အစည်းအဝေးကို နံနက် ၁၀ နာရီတွင် စတင်ကျင်းပပြီး ပထမနေ့အစီအစဉ်များကို ညနေ၄နာရီတွင် ရပ်နားလိုက်သည်။

ကြည့်ရှုလေ့လာ

ညနေပိုင်းတွင် ဧည့်သည်တော်များသည်နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီးနေပြည်တော်၌ ထင်ရှားသည့်နေရာများဖြစ်သော ရေပန်းဥယျာဉ်၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် Junction Centre တို့ကို လှည့်လည်ကြည့်ရှုကြကာ ဆောက်လုပ်ဆဲ လွှတ်တော်အဆောက်အအုံနှင့် အစိုးရအိမ်တော်တို့ကိုလည်း ကြည့်ရှုလေ့လာကြသည်။

ဒုတိယနေ့ အစည်းအဝေးအစီအစဉ်များကို ဩဂုတ် ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

● *ကျော်ဖုံးမှ*

ပုံမှန်ပြုလုပ်

နံနက်အိပ်ရာမှမထမီ ခန္ဓာကိုယ်အစိတ်အပိုင်းများ အားလုံးကို ငြိမ်သက်စွာထားပြီး စိတ်ကိုဖြေလျှော့ကာ ဝင်လေထွက်လေကို မှန်မှန်ရှူသွင်းထုတ်ခြင်းသည် ဦးနှောက်နာဗ်ကြောများတင်းမာမှုကို ပြေလျော့စေပြီး သွေးပေါင်မြင့်တက်မှုလည်း လျော့ကျစေကြောင်း သုတေသနပြုချက်၌ ဖော်ပြထားသည်။

တွေ့ရှိ

ထိုသို့လေ့ကျင့်ခန်းပြုလုပ်သူ ၅၀၀ ခန့်တို့အား ငါးနှစ်ကြာသုတေသနပြုခဲ့ရာ သွေးတိုးရောဂါဖြစ်ပွားမှုနည်းပါးပြီး စိတ်ကျရောဂါဖြစ်ပွားသူဦးရေ လွန်စွာနည်းနေကြောင်း၊ ၁၀ ရာခိုင်နှုန်းခန့်သာတွေ့ရှိရကြောင်း ၎င်းတို့၏သုတေသနပြုချက်၌ ဖော်ပြထားသည်။

အကြံပြု

ထို့ကြောင့် နံနက်အိပ်ရာမှမထမီ အသက်ရှူလေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပေးသင့်ကြောင်း ဆေးသိပ္ပံပညာရှင်များက အကြံပြုပြောကြားသည်။ ။

မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများ၌ မိုးပိုလာမည်

ရန်ကုန် ဩဂုတ် ၂၆

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ မွန်ပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ မကွေးတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးခဲ့သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေအား ကောင်းနေသည်။

<u>ဩဂုတ် ၂၇ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> မွန်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံတောင်ပိုင်းစွန်း ဒေသများတွင် မိုးပိုလာမည်။

<u>နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အခွန်ပညာပေးဆွေးနွေးပွဲ ဗဟန်း၌ကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်အတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များအား စားသုံးသူများက ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည့်ကိစ္စနှင့်စပ်လျဉ်း၍ အခွန်ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၅ရက် မွန်းလွဲ ၂နာရီက ပြည်တွင်းအခွန်များဦးစီးဌာန ဗဟန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်း၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အခွန်ဦးစီးဌာနမှူး ဦးထွန်းသန်း(**ယာယီ**)နှင့် ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။ ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမင်းနိုင်ဦးက စားသုံးသူများမှ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည့် ကိစ္စနှင့်စပ်လျဉ်း၍ အခွန်ပညာပေးဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်များ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။ (၁၃၅)

မိုးရေသွန်းသမျှ

၂၆-၈-၂၀၀၉

စစ်တွေ	၃ ဒသမ ၀၃	လက်မ
မောင်တော	၂ ဒသမ ၅၆	လက်မ
ဇန်းမော်	၁ ဒသမ ၇၇	လက်မ
ကလေး	၁ ဒသမ ၆၅	လက်မ
ဟားခါး	၁ ဒသမ ၄၉	လက်မ
တောင်ကြီး	၁ ဒသမ ၄၂	လက်မ
ငါးသိုင်းချောင်း	၁ ဒသမ ၃၇	လက်မ

27-8 (03).pmd 1 8/27/2009, 2:41 AM

အပျက်အစီးများ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အင်အားပြင်းထန်သည့် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဩဂုတ် ၂၆ရက်ကတွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်တောင်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ အပြစ်မဲ့အရပ်သားများ သေကျေဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် တောင်ပိုင်း ဝါစစ်ပြည်နယ်တွင် ဩဂုတ် ၂၄ရက်က လမ်းဘေးဗုံး ဖောက်ခွဲတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ အပြစ်မဲ့အရပ်သား ၂၀ သေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိကြောင်း ဒေသတွင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မျက်မြင်တွေ့ရှိ

ဝါစစ်ပြည်နယ်၏ မြို့တော်ဖြစ်သည့် ကွတ်မြို့တွင် ဘတ်စ်ကားနှစ်စီးကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ပြည်သူများအား ယင်းသို့ တိုက်ခိုက်ခြင်းမှာ လူမဆန်သည့် လုပ်ရပ်ပင်ဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူ တစ်ဦးက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဩဂုတ် ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နှင့် အပေါင်းပါများ ဝင်ရောက်လုံခြုံရေးထိန်းချုပ်ထားမှု အာဖဂန်၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မတည်မငြိမ်ဖြစ်

ဝါရှင်တန် ဩဂုတ် ၂၆

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမငြိမ်သက်မှုများကြောင့် ၁၀နှစ်တာကာလနီးပါးကြာမျှ အမေရိကန်နှင့် အပေါင်းပါတပ်များ ဝင်ရောက်တပ်ဖြန့်ချထားခဲ့သော်လည်း ၄င်းနိုင်ငံအတွင်း ပြည်တွင်းရေးတည်ငြိမ်မှုမရှိဘဲ အကြမ်းဖက်တိုက်ခိုက်မှုများ ဆိုးရွားစွာဖြစ်ပေါ်လျက်ရှိကြောင်း ဩဂုတ် ၂၅ရက်တွင် အမေရိကန်စစ်ဘက် အခြေစိုက်စခန်းက သတင်းထုတ်ပြန်သည်။

ခံစားနေကြရ

ဤသို့တည်ငြိမ်မှုပျက်ပြားစေသည့် အကြမ်းဖက်လုပ်ရပ်များသည် တာလီဘန်လက်နက်ကိုင်များက ချုံခိုပစ်ခတ်မှု၊ ဗုံးဖောက်ခွဲတိုက်ခိုက်မှု၊ လက်နက်ငယ်များဖြင့် နိုင်ငံစုံတပ်များကို ပစ်မှတ်ထားတိုက်ခိုက်ရာမှ အမေရိကန်နှင့် အပေါင်းပါတပ်များက ပြန်လည်ထိုးစစ်ဆင်မှုများကြောင့် အာဖဂန်ပြည်သူတို့ အသက်ပေါင်းများစွာ သေကျေကြရပြီး လူမှုဒုက္ခမျိုးစုံ ကြုံတွေ့ခံစားနေကြရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ အပြီးသတ်နှိမ်နင်းရန်လိုအပ်ပါက နိုင်ငံစုံတပ်ဖွဲ့ဝင်ပေါင်း ၆၈၀၀အား ထပ်မံစေလွှတ်နိုင်ရန် အသင့်ပြင်ဆင်ထားရှိကြောင်း ဝါရှင်တန်တိုင်းမ်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ထောက်ပံ့ရေး

သို့ရာတွင် အမေရိကန်နိုင်ငံ၏ စီးပွားရေးကျဆင်းမှုကြောင့် အာဖဂန်နိုင်ငံရှိ နိုင်ငံစုံလုံခြုံရေးတပ်များအား ထောက်ပံ့ရေးကိစ္စမှာ အရေးကြီးသည့် လိုအပ်ချက်တစ်ခုဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားသည်။ **(အင်တာနက်)**

တည်ငြိမ်မှုကင်းမဲ့နေသည့် အီရတ်နိုင်ငံ ဆေးရုံများသို့ပင် မဆင်မခြင်ပစ်ခတ်မှုဖြစ်ပွား ခြောက်ဦးသေဆုံး၊ ၂၂ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၂၆

အီရတ်နိုင်ငံအတွင်း လုံခြုံရေးတိုးမြှင့်ချထားသည့်ကြားမှပင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဩဂုတ် ၂၅ရက်က အရပ်သားခြောက်ဦး သေဆုံးပြီး ၂၂ဦးဒဏ်ရာရရှိသွားသည်။

ဘဂ္ဂဒက်

ဘဂ္ဂဒက်မြို့မြောက်ပိုင်း ဒိုရာဒေသတွင် သေနတ်သမားများ ပစ်ခတ်မှုကြောင့် အမျိုးသားတစ်ဦးနှင့် ၄င်း၏သမီးဖြစ်သူတို့ သေဆုံးခဲ့သည်။ ယင်းပစ်ခတ်မှုဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ဝင်များက သေနတ်သမားများကို ဖမ်းဆီးနိုင်ခဲ့သည်။

ပစ်ခတ်

ကာရာဒါဒေသ၌လည်း ဒေသတွင်း ဘာသာရေးခေါင်းဆောင်တစ်ဦးအား ဗုံးခွဲတိုက်ခိုက်ခဲ့ရာ ငါးဦးဒဏ်ရာ ရရှိသွားခဲ့သည်။ ထို့ပြင် စီမံကိန်းဝန်ကြီးဌာနသို့လည်း သေနတ်သမားများက ဝင်ရောက်ပစ်ခတ်ခဲ့သေးသည်။

မိုဆူးလ်

မိုဆူးလ်မြို့ရှိဆေးရုံသို့လည်း သေနတ်သမားများ ဝင်ရောက်ပစ်ခတ်ခဲ့ရာ ဆေးဝါးကုသမှုခံယူနေသူတစ်ဦးနှင့် ဆေးရုံစောင့်တစ်ဦး သေဆုံးခဲ့သည်။ မိုဆူးလ်မြို့၌ပင် လက်လုပ်ဗုံးခုနစ်လုံးအား သိမ်းဆည်းနိုင်ခဲ့ပြီး အကြမ်းဖက်သမား ၁၆ဦးကို ဖမ်းဆီးခဲ့သည်။

အဘူဂါရစ်

အဘူဂါရစ်မြို့၌လည်း သီးခြားစီဖြစ်ပွားသော တိုက်ခိုက်မှုနှစ်ရပ်၌ တက္ကသိုလ်မှ ပါမောက္ခတစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသေးသည်။ ဘာကူဘာမြို့၌လည်း ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားခြောက်ဦးအား ဖမ်းဆီးလိုက်သည်။ **(အင်တာနက်)**

အီရတ်ရှီးယားခေါင်းဆောင် ဟာကင် အီရန်ဆေးရုံ၌သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၆

အီရတ်နိုင်ငံ ရှီးယားမူဆလင်ပါတီ၏ အာဏာအရှိဆုံးပုဂ္ဂိုလ်ဖြစ်သော အဗ္ဗဒူ အဇစ်အယ်လ်ဟာကင်သည် ဩဂုတ် ၂၆ရက်က သေဆုံးခဲ့ကြောင်း ၄င်း၏လက်ထောက်များက ပြောကြားသည်။

အတိုက်အခံ

ဟာကင်သည် အီရန်မြို့တော် တီဟီရန်ရှိ ဆေးရုံတစ်ရုံ၌ ကင်ဆာရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။ ၄င်းသည် ဆက်ဒမ်ဟူစိန်အစိုးရ ပြုတ်ကျပြီးနောက် ရှီးယားဦးဆောင်သော အီရတ်အစိုးရတွင် မပါဝင်ခဲ့ဘဲ အစိုးရ အဓိကအတိုက်အခံတစ်ဦးဖြစ်ခဲ့သည်။

အီရတ်နိုင်ငံတွင် ရှီးယားနှင့် ဆွန်နီတို့သည် အဓိကလူမျိုးရေးတိုက်ခိုက်မှုများဖြစ်ပွားနေသော အုပ်စုနှစ်စု ဖြစ်သည်။ အမေရိကန်ဦးဆောင်သော တပ်များက ကျောထောက်နောက်ခံပြုထားသည့် အီရတ်အစိုးရနှင့် အပေါင်းပါတို့အား ရှီးယားတိုက်ခိုက်ရေးသမားများက ဆက်လက်တိုက်ခိုက်လျက်ရှိသည်။ **(အင်တာနက်)**

ဆေးဝါးကုသ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ဆေးရုံတွင် ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးအား ဆေးဝါးကုသပေးလျက်ရှိသည်ကို ဩဂုတ် ၂၆ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အကြမ်းဖက်လုပ်ရပ်ကြောင့် ပြည်သူများအတိဒုက္ခကြုံတွေ့ အာဖဂန်ပြည်သူ ၄၁ ဦးသေဆုံး၊ ၉၀ ကျော်ဒဏ်ရာရ

ကန်ဒါဟာ ဩဂုတ် ၂၆

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ ဩဂုတ် ၂၅ရက်က အစိုးရရုံးစိုက်ရာနေရာနှင့် ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံးရှိရာ ဒေသမှ မီတာ ၁၀၀ခန့်အကွာတွင် ကားဗုံးပေါက်ကွဲရာ အာဖဂန်ပြည်သူ ၄၁ ဦးသေဆုံးပြီး ၉၀ ဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

အဆိုပါဖြစ်ပွားမှုသည် နိုင်ငံစုံတပ်ဖွဲ့၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းမှ တစ်ခုအပါအဝင်ဖြစ်သည့် ဂျပန်ဆောက်လုပ်ရေးကုမ္ပဏီ၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

ပြင်းထန်

ဒဏ်ရာရသူများအား ပြည်နယ်ဆေးရုံသို့ပို့ဆောင်ပေးခဲ့ရာ ပြင်းထန်သောဝေဒနာခံစားနေကြရကြောင်း၊ ထို့ပြင်ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများ၌ ပိတ်မိနေသူ အာဖဂန်ပြည်သူများလည်း ရှိသေးကြောင်း၊ သေဆုံးသူဦးရေမှာ ထပ်မံတိုးလာဖွယ်ရှိကြောင်း၊ ယင်းပြင်းထန်သော ဖောက်ခွဲတိုက်ခိုက်မှုမှာ မည်သည့်အဖွဲ့မှဖြစ်ကြောင်း မသိရှိရသေးပေ။

အတိဒုက္ခ

အာဖဂန်နစ္စတန်နိုင်ငံ၌ ဆိုးရွားလှသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံ ပြည်သူအများအပြား ကြီးမားလှသည့် အတိဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ **(အင်တာနက်)**

အာဖဂန်၌ ဗုံးပေါက်ကွဲ

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့လယ်ရှိ လူစည်ကားရာနေရာ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဩဂုတ် ၂၅ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အကြမ်းဖက်သမားများ မိုဆူးလ်၌ ဖမ်းဆီး

မိုဆူးလ် ဩဂုတ် ၂၆

အီရတ်နိုင်ငံတောင်ပိုင်း မိုဆူးလ်မြို့၌ အစိုးရတပ်ဖွဲ့မှ အလိုရှိနေသော အကြမ်းဖက်သမား ၁၆ဦးနှင့် ဖောက်ခွဲရေးပစ္စည်းခုနစ်မျိုးကို ဖမ်းဆီးရမိခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

အစိုးရတပ်ဖွဲ့က မိုဆူးလ်မြို့ အယ်လ်မာမွန်နှင့် အယ်ရှူလာဒါကြားရှိ ဒေသ၌ စီးနင်းရှာဖွေရာ ဖောက်ခွဲရေးပစ္စည်းများကို သိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်သည်။**(အင်တာနက်)**

လမ်းဘေးဗုံး အလုံး ၃၀၀ ကဘူးလ်၌ သိမ်းဆည်းမိ

ကဘူးလ် ဩဂုတ် ၂၆

တာလီဘန်ဖောက်ခွဲရေးပစ္စည်း ပြုလုပ်သူတစ်ဦးနှင့် လမ်းဘေးဗုံးအလုံး ၃၀၀ကို အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ တောင်ဘက် ကီလိုမီတာ ၈၀အကွာရှိ လိုဂါပြည်နယ်မှ ဩဂုတ် ၂၄ရက်က သိမ်းဆည်းရမိခဲ့ကြောင်း အာဖဂန် ကာကွယ်ရေးဝန်ကြီးဌာနမှ ကြေညာသည်။

ဒဏ်ရာရရှိ

သီးခြားဖြစ်စဉ်အနေဖြင့် ဩဂုတ် ၂၅ ရက်တွင် ပတ်တီကာပြည်နယ် အရှေ့ပိုင်း၌ မော်တော်ယာဉ်တစ်စီး လမ်းဘေးဗုံးထိမှန်သဖြင့် ပေါက်ကွဲရာမှ အရပ်သားလေးဦး သေဆုံးပြီး အခြားငါးဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

(အင်တာနက်)

ဘဏ်လုပ်ငန်းဆိုင်ရာများ ဖုန်းများပေါ်တွင် အသုံးပြုနိုင်သော ဖုန်းအမျိုးအစားသစ်များ နိုကီယာဖုန်းကုမ္ပဏီက တီထွင်ထုတ်လုပ်ထားမှုကို ဩဂုတ် ၂၆ရက်က ဖင်လန်နိုင်ငံရှိ စတိုးဆိုင်တစ်ဆိုင်တွင် ပြသထားစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်ရန် ဘရာဇီးနှင့်တရုတ် လူမှုရေးကဏ္ဍဆွေးနွေး

ရီယိုဒီဂျနေးရိုး ဩဂုတ် ၂၆

ဘရာဇီးနှင့် တရုတ်နိုင်ငံပြည်သူတို့၏ လူမှုဘဝ တန်းတူညီတူ ခံစားနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် တရုတ်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၄ရက်က ဘရာဇီးနိုင်ငံသို့ထွက်ခွာပြီး သုံးရက်ကြာ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးမည်ဖြစ်သည်။

တရုတ်-ဘရာဇီးနှစ်နိုင်ငံ လူမှုကဏ္ဍဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အစည်းအဝေးကို ဘရာဆီးလီးယားမြို့၌ ကျင်းပသည်။

ကျင်းပ

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်နှင့် ဘရာဇီးအာဏာပိုင်အဖွဲ့တို့ ပူးပေါင်းကာ ၂၀၀၄ ခုနှစ်က အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအဖွဲ့ (အိုင်ပီစီ-အိုင်ဂျီ)အပါအဝင် အစည်းအဝေးကို ဘရာဆီးလီးယားမြို့၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေး၌ တစ်ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ကုလသမဂ္ဂ၏ အရေးကြီးသည့် ကဏ္ဍတစ်ရပ်အဖြစ် လုပ်ဆောင်ခြင်းကို တရုတ်ကိုယ်စားလှယ်အဖွဲ့က အထူးဂုဏ်ယူပါကြောင်း ပြောကြားသည်။

တက်ရောက်

ယင်းအစည်းအဝေးသို့ ဘရာဇီးနိုင်ငံမှ အစိုးရရုံးအဖွဲ့များ၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှုဝန်ကြီးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးတို့ တက်ရောက်ကြသည်။ **(အင်တာနက်)**

ဗြိတိန်နိုင်ငံ လောဘပါတီအပေါ် ပြည်သူလူထု ထောက်ခံမှုကျဆင်းခဲ့

လန်ဒန် ဩဂုတ် ၂၆

ဗြိတိန်နိုင်ငံမှ အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီအနေဖြင့် ဗြိတိန်လူထု၏ ထောက်ခံမှုသည် ၄၁ရာနှုန်းရှိနေစဉ် ဗြိတိန်အာဏာရ လေဘာပါတီအပေါ် လူထုထောက်ခံမှုသည် ဇူလိုင်လနောက်ပိုင်းတွင် ၂၅ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း ဂါဒီယန်/အိုင်စီအမ်က ကောက်ယူသည့် လူထုစစ်တမ်းတစ်စောင်တွင် ဖော်ပြထားသည်။

မပြောင်းလဲ

ဇူလိုင်လနောက်ပိုင်းတွင် လေဘာပါတီအပေါ် လူထုထောက်ခံမှု ကျဆင်းစဉ် ကွန်ဆာဗေးတစ်ပါတီအပေါ် ထောက်ခံမှုမှာမပြောင်းလဲဘဲတည်တံ့လျက်ရှိသည်။

ကြိုက်နှစ်သက်မှု

ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများနှင့် စပ်လျဉ်း၍ လေဘာပါတီ၏ မူဝါဒအပေါ် ကြိုက်နှစ်သက်မှု နည်းသဖြင့် ယင်းသို့ ဖြစ်ခဲ့ရခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဩဂုတ် ၂၆

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့် အချိန်မှစတင်ပြီး ဩဂုတ် ၂၆ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၈၄၃၀ ရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၅၈၇၅၆ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၆၉၈၄၃၀ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၅၈၇၅၆ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် ဩဂုတ် ၂၆

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ်၂၆ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၁၆၇၀ ရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၇၂၇၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၁၆၇၀ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၇၂၇၄ ဦး

(အင်တာနက်)

ကမ္ဘာ့ရေနံဈေး ၁၀လအတွင်း မြင့်တက်လာ

ဝါရှင်တန် ဩဂုတ် ၂၆

ကမ္ဘာ့ရေနံဈေးသည် ယခုနှစ်အစပိုင်းမှစ၍ ၆၅ရာခိုင်နှုန်းကျော်အထိ မြင့်တက်လာခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

မြင့်တက်

တရုတ်ပြည်တွင် ဝယ်လိုအားကောင်းလာသည့် လက္ခဏာများနှင့် ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူလာခြင်းတို့ကြောင့် ၁၀လအတွင်း၌ ပထမဆုံးအကြိမ်အဖြစ် ရေနံတစ်စည်လျှင် ၇၅ဒေါ်လာခန့်အထိ မြင့်တက်ခဲ့သည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

အမေရိကန် နယူးဂျာစီပြည်နယ်မြောက်ပိုင်း၌ လေယာဉ်ငယ်ပျက်ကျ

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်မြောက်ပိုင်းတွင် ဩဂုတ် ၂၆ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း အမေရိကန်လေကြောင်းအရာရှိများက ပြောကြားသည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ လေးထပ်အဆောက်အအုံပြိုကျ

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် လေးထပ်လူနေ အဆောက်အအုံတစ်လုံး ဩဂုတ် ၂၆ရက်က ရုတ်တရက် ပြိုကျခဲ့ရာ တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းအဆောက်အအုံမှာ သက်တမ်း နှစ် ၇၀ကျော်ရှိသော အဆောက်အအုံဖြစ်ကြောင်း မွမ်ဘိုင်းမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ် လွှတ်တင်မည့်ရက်သတ်မှတ်

ဩဂုတ် ၂၅ရက်က လွှတ်တင်ရန် စီစဉ်ထားသော်လည်း ရာသီဥတုဆိုးရွားနေသဖြင့် ရက်ရွှေ့ဆိုင်းခဲ့ရသည့် ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ်ကို ဩဂုတ် ၂၈ရက်တွင် လွှတ်တင်ရန် ရက်သတ်မှတ်လိုက်ကြောင်း နာဆာအဖွဲ့က ဩဂုတ် ၂၆ရက်၌ သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းကမ်းလွန်၌ ကူးတို့သင်္ဘော နစ်မြုပ်

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းကမ်းလွန်တွင် ဩဂုတ် ၂၆ရက်က ကူးတို့သင်္ဘောငယ်တစ်စင်း နစ်မြုပ်ခဲ့ရာ ကိုးဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးကာ ၂၉ဦး ကယ်ဆယ်နိုင်ခဲ့ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ပြောကြားသည်။

ပို့ကုန်များတင်ပို့မှု ဂျပန်၌ ဆက်လက်ကျဆင်း

ဂျပန်နိုင်ငံ၏ ဇူလိုင်လအတွင်း ပို့ကုန်များတင်ပို့မှုသည် ဖွန်လကထက် ကျဆင်းသွားကြောင်း၊ ယင်းမှာ ၂၀၀၈ခုနှစ် အလားတူကာလနှင့် နှိုင်းစာလျှင် ၃၆ဒသမ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အထူးသဖြင့် အမေရိကန်အရှေ့အလယ်ပိုင်းနှင့် ရုရှားနိုင်ငံများသို့ ကားတင်ပို့မှု ကျဆင်းခဲ့ရကြောင်း ဩဂုတ် ၂၆ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ကမ္ဘာ့ငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးတန့်နေ

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုးများ အတက်အကျမရှိ တန့်လျက်ရှိရာ ဂျပန်နိုင်ငံတွင် ဩဂုတ် ၂၆ရက်၌ ဂျပန်ငွေ ၉၄ယန်းလျှင် အမေရိကန်တစ်ဒေါ်လာရှိခဲ့ကြောင်း ဂျပန်ငွေကြေးဈေးကွက်မှ တာဝန်ရှိသူများက ပြောကြားသည်။

နီပေါအရှေ့ပိုင်း၌ ရေလွှမ်းမှုဖြစ်ပွား ခုနစ်ဦးသေဆုံး

နီပေါနိုင်ငံအရှေ့ပိုင်း ဂျာပာပါခရိုင်တွင် ဩဂုတ် ၂၆ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ နေအိမ် ၄၀၀ကျော် ရေလွှမ်းခဲ့ကြောင်း၊ ဒေသခံ ၆၀၀၀ကျော် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း၊ ခုနစ်ဦးသေဆုံးခဲ့ကြောင်း နီပေါနိုင်ငံရဲတပ်ဖွဲ့က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် အရှေ့မြောက်ပိုင်း၌ ခရီးသည်တင် စက်လှေနစ်မြုပ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟာဘိုင်ဂန်ခရိုင်ရှိ မြစ်အတွင်း၌ ဩဂုတ် ၂၆ရက်က ခရီးသည်တင်စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ခြောက်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုင်းနိုင်ငံ၌ A(H1N1) ဖြင့် သေဆုံးသူ ၁၁၉ဦးရှိလာ

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဩဂုတ် ၂၆ရက်က A(H1N1) ရောဂါဖြင့် အမျိုးသားတစ်ဦးထပ်မံသေဆုံးခဲ့ရာ ယင်းရောဂါဖြင့် သေဆုံးသူမှာ ထိုင်းနိုင်ငံ၌ စုစုပေါင်း ၁၁၉ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်း နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တောင်ဥက္ကလာပတွင် ရေစီးရေလာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက် သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်း နိုင်လွန်ကတ္တရာခင်း

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၂ရက် နံနက် ၇နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ တိုင်းကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူတို့က တိုင်းနှင့်မြို့နယ်များအတွင်း ရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်ထားနိုင်မှု၊ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားမှု အခြေအနေများ၊ ရေစီးရေလာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

လှည့်လည်စစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့က လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး တောင်ဥက္ကလာပမြို့နယ်အတွင်း ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ခြင်ထောင်ဆေးစိမ်လုပ်ငန်းများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ကျန်းမာရေးပညာပေးဟောပြောနေမှု၊ ခြင်ဆေးဖျန်းဆောင်ရွက်နေမှုနှင့် ရေစီးရေလာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထပ်ပိုးလွှာခင်း

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်း နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုနှင့် သံသုမာလမ်း လမ်းပိုင်းပြုပြင်မွမ်းမံနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် ကျန်စစ်သားလမ်းနှင့် နွယ်သာကီလမ်းတစ်လျှောက် ကွန်ကရစ်လမ်းခင်းကျင်းနေမှုကို လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းကို လည်းကောင်း၊ သံသုမာလမ်း လမ်းသားမြှင့်တင်ပြုပြင်မွမ်းမံမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။ (သတင်းစဉ်)

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော မြို့ပြရေပေးရေးလုပ်ငန်းဖြစ်သည့် ထီသိမ်ရေကူတမံ တည်ဆောက်ခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ဩဂုတ် ၅ရက်က ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ်စည်ပင်)

Fully Automated Total Laboratory Automation System at Yangon GI & Liver Centre (30th Street Clinic) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

Fully Automated Total Laboratory Automation System at Yangon GI & Liver Centre (30th Street Clinic) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Yangon GI & Liver Centre ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်ဝင်းနှင့် Siemens Healthcare Diagnostics မှ Mr.Liew Lee Min တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် Lion Myanmar Co, Ltd ဒါရိုက်တာ ဦးနေမင်းမျိုးသိန်းက Fully Automated Total Laboratory Automation System အကြောင်းကို ရှင်းလင်းပြောကြား၍ Yangon GI & Liver Centre မှ Executive Director ဒေါက်တာသိန်းသန်းက Upgrading of the Clinical Laboratory Services အကြောင်းကို ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

Fully Automated Total Laboratory Automation System at Yangon GI & Liver Centre (30th Street Clinic) ဖွင့်ပွဲကို ညနေ ၄နာရီခွဲတွင် အဆိုပါဆေးခန်းတည်ရှိရာ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် လမ်း ၃၀၌ ကျင်းပရာ ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

အဆိုပါ လမ်း ၃၀ ဆေးခန်းတွင် Fully Total Laboratory Automation System ဖြင့် သွေး၊ ဆီးနှင့် ခန္ဓာကိုယ်မှထွက်ရှိသည့် အရည်ကြည်များအား စမ်းသပ်မှုအမျိုးပေါင်း ၁၄၀ကျော် စစ်ဆေးနိုင်သည်။

ပထမဦးဆုံး

ယခုနောက်ဆုံးပေါ် ခေတ်မီရောဂါရှာဖွေရေးနည်းပုံစံ (Total Laboratory Automation System)ကို မြန်မာနိုင်ငံ ရန်ကုန်မြို့ လမ်း ၃၀ ဆေးခန်းတွင် ပထမဦးဆုံး အသုံးပြုလျက်ရှိသည်။

Automation System, Barcode System ဖြစ်ခြင်းတို့ကြောင့် အစမှအဆုံး အဖြေထွက်ရှိသည်အထိ ဓာတ်ခွဲမှုများမှာ လူကိုယ်တိုင်ဆောင်ရွက်ရန်မလိုဘဲ ကွန်ပျူတာများမှ အလိုအလျောက် စစ်ဆေးပေးသွားမည်ဖြစ်သည်။

Fully Automated စက်ကြီးများဖြင့် ရောဂါဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် သာမန်စက်များထက် အဖြေများကို ပိုမိုလျင်မြန်စွာရစေခြင်း၊ Barcode System ကွန်ပျူတာထိန်းချုပ်မှတ်သား၍ စစ်ဆေးသဖြင့် မှန်ကန်မြန်ဆန်ခြင်းစသည့် ပိုမိုထူးခြားမှုများကို ရရှိနိုင်မည်ဖြစ်သည်။

စမ်းသပ်စစ်ဆေး

Fully Automated Total Laboratory Automation System ကွန်ပျူတာသုံး အလိုအလျောက် ဓာတ်ခွဲစမ်းသပ်စစ်ဆေးသည့်စနစ်ဖြင့် စမ်းသပ်စစ်ဆေးပေးနေသော မြန်မာနိုင်ငံ၏ ပထမဦးဆုံးနှင့် တစ်ခုတည်းသောဆေးခန်းမှာ ရန်ကုန်မြို့ အမှတ် ၁၉၁/၁၉၃ လမ်း ၃၀(အထက်) ပန်းဘဲတန်းမြို့နယ်တွင် တည်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ဟားခါး အထက(၁) ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကဲပ်လိုကျောင်းဆောင်သစ်ဖွင့်ပွဲကို ဩဂုတ် ၁၅ရက် နံနက်၉နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ အခမ်းအနားသို့ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းတက်ရောက်အားပေးပြီး ကျောင်းဆောင်သစ်ကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးမြင့်ဆွေနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလျန်အုပ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ပြည်နယ် ပြန်/ဆက်)

မန္တလေးဆေးရုံသို့ သွေးသန့်စင်စက်လှူဒါန်း

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးအတွက် NIPRO Corporation မှ ကျောက်ကပ်ကုသွေးသန့်စင်စက် လှူဒါန်းပွဲကို ဩဂုတ် ၅ရက်က ယင်းဆေးရုံကြီး၌ ကျင်းပရာ ဂျပန်နိုင်ငံ NIPRO Corporation မှ တာဝန်ရှိသူ Mrs. Yoshinoai Ko Maryက စက်လှူဒါန်းရခြင်းကို ရှင်းလင်းပြီး ကျပ်သိန်း ၂၀၀တန်ကျောက်ကပ်ကုသွေးသန့်စင်စက်ကို ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းအားပေးအပ်သည်။ (ဝ၉၂)

သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်ဆေးဖျန်း

ရွှေကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့ပေါ်ရပ်ကွက်များ၊ စာသင်ကျောင်းများ၊ ရုံးဌာနများတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို စီမံချက်ချဆောင်ရွက်ရာ ဇူလိုင် ၂၇ရက်က ဘိုကုန်းစံပြကျေးရွာနှင့် ဇူလိုင် ၃၁ရက်က အထက(၂)တို့၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးခင်အောင်နီ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

မိုးကောင်း၌ လမ်းပခုံးလုပ်ငန်းဆောင်ရွက်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြနှင့်ကျေးလက် လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းလျက်ရှိရာ ဩဂုတ် ၆ ရက်က မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်အတွင်းရှိ နဝဒေးလမ်းနှင့်အောင်ဆန်းလမ်းမှ လမ်းပခုံးများ လမ်းနှင့်လိုက်လျောညီထွေဖြစ်စေရန် တိုးချဲ့မြှင့်တင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ (၀၀၁)

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဖွင့်ပွဲ ပေါင်မြို့၌ကျင်းပ

မွန်ပြည်နယ် ပေါင်မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၀၉ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲကို ဩဂုတ် ၁၁ရက် နံနက် ၁၀နာရီက ပေါင်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ဥက္ကဋ္ဌဦးမြတ်အောင်ဋ္ဌေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်စုစုဟန်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ပတ်သက်ပြီး အသိပေးရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အသက်ခြောက်လမှ ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေဆေးလုံး၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားနှင့် သန်ချဆေးပြားများကို တာဝန်ရှိသူများက တိုက်ကျွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ရပ်စောက်မြို့မဈေးအတွင်း၌ ခြင်ဆေးဖျန်း

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး ခြင်၊ ယင်ပေါက်ပွားမှုမရှိစေရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဩဂုတ် ၆ ရက်က ဈေးတာဝန်ခံနှင့် ဒုတိယဦးစီးမှူး(အခွန်)ဦးမောင်မောင်မြင့်တို့ ပူးပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးသောင်းညွှန့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

ကော့ကရိတ်စစ်မှုထမ်းဟောင်း ပညာသင်စရိတ်ပေးအပ်

ကော့ကရိတ်မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီမှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်စစ်မှုထမ်းဟောင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ကော့ကရိတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နာယက ခရိုင်ဥက္ကဋ္ဌဦးဇော်ဝင်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်ဥက္ကဋ္ဌနှင့် စစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများက ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၇၉ဦးတို့အား ပညာသင်စရိတ်ပေးအပ်သည်။ (ခရိုင် ပြန်/ဆက်)

ကာမိုင်းမြို့သန့်ရှင်းသာယာရေး ပန်းအလှပင်စိုက်ပျိုး

ကာမိုင်းမြို့ စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဗိုလ်တေဇလမ်းဘေးဝဲယာတစ်လျှောက် ပေါင်းမြက်များရှင်းလင်းခြင်း၊ ပန်းအလှပင်များ မြေချစိုက်ပျိုးခြင်းလုပ်ငန်းအား ဇူလိုင် ၂၂ရက်က အဖွဲ့ရုံးဝန်ထမ်းများ ဆောင်ရွက်မှုကို မြို့တာဝန်ခံဦးစီးအရာရှိ ဦးမိုးလွင်က ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ (မြို့နယ်စည်ပင်)

ပေါင်မြို့နယ်ပညာရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ

ပေါင်မြို့နယ် ကျောင်းပေါင်းစုံ သက်လတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ပေါင်မြို့နယ် သဲဖြူကုန်းအားကစားကွင်း၌ ကျင်းပရာ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မုတ္တမအထကနှင့် နတ်ကြီးကျောင်း(တွဲ) အထကတို့ကစားရာ မုတ္တမအထက အသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး မြို့နယ်ပညာရေးမှူး ဦးအောင်မြင့်က ဆုချီးမြှင့်ပေးခဲ့သည်။ (၀၁၃)

ရေစကြိုမြို့မဈေး၌ ခြင်ဆေးဖျန်း

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၂၀ ရက်က ရေစကြိုမြို့ မြို့မဈေးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအေးသူတို့က ကြီးကြပ်ဆောင်ရွက်ကြသည်။ (မြို့နယ်စည်ပင်)

27-8 (06).pmd 1 8/27/2009, 2:41 AM

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကလေးမြို့နယ်၌ကျင်းပ

ကလေး ဩဂုတ် ၂၆

ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ရက် နံနက် ၈နာရီက ကလေးမြို့နယ် နေရှင်နယ်ခန်းမ၌ ကျင်းပသည်။

ဆုများချီးမြှင့်

ရှေးဦးစွာ အခမ်းအနားကို နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်အောင်စန်းချစ်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းက အမှာစကားပြောကြားသည်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကလေး၊ ကလေးဝ၊ မင်းကင်းမြို့နယ်တို့မှ ပြိုင်ပွဲဝင်စုစုပေါင်း ၅၄ဦး ယှဉ်ပြိုင်ကြရာ ဆုရရှိသူများအား ညနေပိုင်းတွင် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တရားရေးအရာရှိများ တွေ့ဆုံပွဲနှင့် ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

ဖေယျ(၇၄) သင်တန်းဆင်း တရားရေး အရာရှိများ၏ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် တွေ့ဆုံပွဲနှင့် ဆရာကန်တော့ပွဲကို စက်တင်ဘာ ၄ ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကြားတောရလမ်းရှိ တရားရုံးချုပ်မွှောရုံ၌ ကျင်းပမည်ဖြစ်ရာ သင်တန်းဆင်း အရာရှိများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

(မြန်မာ့အလင်း)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စစ်ကိုင်းတွင်ဆုများချီးမြှင့်

စစ်ကိုင်း ဩဂုတ် ၂၆

စစ်ကိုင်းခရိုင်၏ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ရက် နံနက်ပိုင်းက မြို့တော်ခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မြင့်သန်းက အဖွင့်အမှာစကား ပြောကြားသည်။

ပါဝင်ယှဉ်ပြိုင်

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** ခရိုင်အတွင်းရှိ စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်တို့မှ ပြိုင်ပွဲဝင် ၆၅ ဦးတို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုများချီးမြှင့်

ထို့နောက် ဩဂုတ် ၁၃ရက် မွန်းလွဲပိုင်းတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မူးယစ်ကင်းစင် အလှဆင်

သီပေါမြို့နယ်ပညာရေးမှူးဖလား ကျောင်းပေါင်းစုံဘောလုံးပြိုင် ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

သီပေါ ဩဂုတ် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပညာရေးမှူးဖလား ၂၀၀၉-၂၀၁၀ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီက ဒုဋ္ဌဝတီ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ချီးမြှင့်ပေးအပ်

အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပထမရ အမှတ်(၂)အလက အမျိုးသားဘောလုံးအသင်းနှင့် ကုန်းသာအလက အမျိုးသမီးဘောလုံးအသင်းတို့ကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က လည်းကောင်း၊ ဒုတိယရရှိသော အထကအမျိုးသမီးဘောလုံးအသင်းနှင့် ဘော်ကြိုအလက အမျိုးသားဘောလုံးအသင်းတို့အား မြို့နယ်ပညာရေးမှူး ဦးသန်းဆွေက လည်းကောင်း၊ ကျန်ဆုရရှိသူများကို မြို့နယ်အားကစားအရာရှိ ဒေါ်သန်းရွှေမာနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဆုဖလားများကိုချီးမြှင့်ပေးအပ်ကြသည်။ (ဝ၂ဝ)

ကျောက်စရစ်ခင်း

မကွေးတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ပခုက္ကူမြို့နှင့်မြောက်လူးကန်ကျေးရွာသို့ ဆက်သွယ်သည့်လမ်းအား မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကိုကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် မြန်မာဝူရှူးအဖွဲ့အတွက် ထောက်ပံ့ငွေ ပေးအပ်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးသည် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ ဗဟိုလုပ်ငန်းကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ခင်မေစိုး၊ ဒေါက်တာဒေါ်ရီရီသိန်း၊ ဒေါက်တာပင်ဒိုရာအောင်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ ညနေ၃နာရီခွဲက စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်း၌ စခန်းဝင် လေ့ကျင့်နေသည့် မြန်မာဝူရှူးအဖွဲ့အား သွားရောက်တွေ့ဆုံအားပေးရာ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် အမှုဆောင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

မှာကြား

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးက (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာဝူရှူးအဖွဲ့အား လေ့ကျင့်၊ နေထိုင်၊ စားသောက်ရေးနှင့် ရွှေတံဆိပ်ဆုရရှိရေးတို့အတွက် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်သွားရန် မှာကြားသွားသည်။

လက်ခံ

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အဖွဲ့ဝင်များက မြန်မာဝူရှူးအဖွဲ့အတွက် ငွေကျပ် နှစ်သိန်းငါးသောင်း ထောက်ပံ့ပေးအပ်ရာ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် အားကစားသမားများက လက်ခံယူကြသည်။ **(အပေါ်ပုံ)**

(အမျိုးသမီးအားကစားအဖွဲ့ချုပ်)

ဩဂုတ် ၂၂ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ငြိမ်း၊ အတွင်းရေးမှူး ဦးစိုးလှိုင်ဦး၊ မြို့နယ်ကျန်းမာရေးဌာနမှ ဒေါက်တာဒေါ်ခင်မေရီ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြေဦးတို့ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ စက်ရုံလမ်း၊ ၁၁၅ လမ်း၊ ၁၁၆ လမ်း၊ ၁၁၇ လမ်းများတွင် တစ်အိမ်တက်ဆင်း ပိုးလောက်လမ်း စစ်ဆေးခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြစဉ်။

(မြို့နယ်ပြန်/ဆက်)

နိုင်ငံတကာ စာပို့တံဆိပ်ခေါင်း ဖိတ်ခေါ်ဒီဇိုင်းပြိုင်ပွဲ စိတ်ပါဝင်စားသူများ ပါဝင်ယှဉ်ပြိုင်နိုင်

နေပြည်တော် ဩဂုတ် ၂၆

စာပို့တံဆိပ်ခေါင်းများပေါ်တွင် ပြည်တွင်းပြည်ပမှ ပြည်သူများ၏ စိတ်ပါဝင်စားမှုကို တိုးမြှင့်ပေးနိုင်ရန်နှင့် တံဆိပ်ခေါင်းဒီဇိုင်းပုံများအတွက် ပိုမိုကောင်းမွန်သော တီထွင်ဆန်းသစ်သည့် စိတ်ကူးဉာဏ်စွမ်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကိုရီးယားစာပို့တိုက်ဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးကျင်းပမည့် နိုင်ငံတကာ စာပို့တံဆိပ်ခေါင်း ဖိတ်ခေါ်ဒီဇိုင်းပြိုင်ပွဲတွင် စိတ်ပါဝင်စားသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်-

ပါဝင်ယှဉ်ပြိုင်နိုင်

ပြိုင်ပွဲကို အတန်းအစားနှစ်မျိုးဖြင့် ကျင်းပမည်ဖြစ်ရာ ပထမအတန်းအစားကို အဖိုးတန်အရင်းအမြစ်များ အလေအလွင့်နည်းပါးရေး ပြုပြင်ဖန်တီးပြန်သုံးပေး (Reuse and recycle precious resources)ခေါင်းစဉ်ဖြင့် အသက်(၁၇)နှစ်နှင့်အောက် လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဒုတိယအတန်းအစားကို ကိုရီးယားခရီးသွားနှစ် (Visit Korea Years)ခေါင်းစဉ်ဖြင့် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

အဖိုးတန်အရင်းအမြစ်များ အလေအလွင့်နည်းပါးရေး ပြုပြင်ဖန်တီးပြန်သုံးပေး ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရာတွင် နေ့စဉ်ဘဝ၌ အသုံးဝင်နေဆဲဖြစ်သော်လည်း တန်ဖိုးမဖြတ်နိုင်သော အရင်းအမြစ်ပစ္စည်းများကို မိမိတို့အတွက် အသုံးမလိုတော့ဟု ယူဆ၍ အမှိုက်သဖွယ် စွန့်ပစ်နေကြသည်။ အလေအလွင့်များကို လျှော့ချခြင်း၊ အရင်းအမြစ်များကို ထိန်းသိမ်းခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် ပြုပြင်ဖန်တီးအသုံးချခြင်းအားဖြင့် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ပြီး သဘာဝနှင့် လူသားသဟဇာတဖြစ်စွာ နေထိုင်တတ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို သတိပြု သဘောပေါက်မိကြစေရန် စသည့်ရည်ရွယ်ချက်များကို ဖော်ကျူးယှဉ်ပြိုင်ရန် ဖြစ်သည်။

ကိုရီးယားခရီးသွားနှစ် ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင်ရာတွင် ၂၀၁၀မှ ၂၀၁၂ခုနှစ်အထိ ကိုရီးယားသမ္မတနိုင်ငံ၏ ခရီးသွားနှစ်ဟု သတ်မှတ်ထားသည့် အချိန်အခါသမယ၌ ကမ္ဘာတစ်လွှားရှိ လူသားအားလုံးတို့အား ကိုရီးယားသို့ အလည်လာရောက်ကြပါရန်နှင့် ရိုးရာအစဉ်အလာမပျက် ခေတ်မီတိုးတက်နေသော ကိုရီးယားယဉ်ကျေးမှုများ၊ ကိုရီးယားတို့၏ လှုပ်ရှားတက်ကြွမှုများကို တွေ့ကြုံခံစားလှည့်ပါဟု ဖိတ်ခေါ်ထားသည့် အခြေခံအကြောင်းရင်းအပေါ် မူတည်၍ ထင်ဟပ်ဖော်ကျူးရန် ဖြစ်သည်။

ထုတ်ဝေမည်

ပြိုင်ပွဲအတန်းအစား တစ်ခုစီအတွက် Grand Prize ဆု၊ Honorable Mention ဆု၊ Special Prize ဆုတို့နှင့်အတူ ပထမအတန်းအစားဆုများ၏ ဒီဇိုင်းပုံများကို ညွှန်ကြားပြသပေးသူများအတွက် ဆရာဆုအနေဖြင့် Award for the Guidance Teacher ဆု စသည်ဖြင့် စုစုပေါင်း ဆုအရေအတွက် (၃၀)ရွေးချယ်ချီးမြှင့်မည် ဖြစ်သည်။ ဆုငွေအနေဖြင့် ကိုရီးယားဝမ်နှစ်သိန်းမှ ဝမ်သိန်း ၃၀အထိ ချီးမြှင့်သွားမည်ဖြစ်သည်။ Grand Prize ဆုရဒီဇိုင်းပုံများကို ၂၀၁၀ ပြည့်နှစ်အတွင်း ကိုရီးယားနိုင်ငံစာပို့တိုက် Korea Post မှ စာပို့တံဆိပ်ခေါင်းများအဖြစ် ထုတ်ဝေမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဒီဇိုင်းအရေအတွက်ကို ကန့်သတ်ထားခြင်းမရှိပါ။ ဒီဇိုင်းပုံစံကို (၁၅စင်တီမီတာ×၂၀စင်တီမီတာ)အတိုင်းအတာရှိ စာရွက်ပေါ်တွင် အလျားလိုက် (သို့မဟုတ်)ဒေါင်လိုက်ရေးဆွဲနိုင်ပြီး A4 Size ကတ်ထူပြားကို ဒီဇိုင်းပုံစံ အောက်ခံပြားအဖြစ် အသုံးပြုရမည်။ ပြိုင်ပွဲဝင်အကြောင်းအရာ ခေါင်းစဉ်နှင့်ပြိုင်ပွဲဝင်သူ၏ အသေးစိတ်အချက်အလက်များကို Application Form တွင် ဖြည့်စွက်၍ ဒီဇိုင်းပုံ၏ နောက်ကျော၌ ရေးသားဖော်ပြရမည်။ ဒီဇိုင်းပုံအတွင်းတွင် မည်သည့်အမှတ်အသားတံဆိပ်၊ မည်သည့်စာသားကိုမျှ ထည့်သွင်းဖော်ပြခြင်းမပြုရ။ ဒီဇိုင်းပုံစံတစ်ခုသည် တစ်ဦးတည်းက ကိုယ်တိုင်ရေးဆွဲထားသော တစ်ကြိမ်တစ်ခါမျှ အသုံးမပြုဖူးသေးသည့် ပြိုင်ပွဲဝင်ဖူးခြင်းမရှိသေးသည့် ဒီဇိုင်းပုံစံဖြစ်ရမည်။

ပြိုင်ပွဲဝင်ဒီဇိုင်းပုံများကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ဖွဲ့စည်းထားသော စိစစ်ရေးအဖွဲ့က စိစစ်ရွေးချယ်ကာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ အတည်ပြုချက်ရယူ၍ နိုင်ငံတကာအဆင့်တွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ကိုရီးယားစာပို့တိုက်ဌာန Korea Post သို့ ပေးပို့သွားမည်ဖြစ်သည်။

စုံစမ်းနိုင်

ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဒီဇိုင်းပုံထည့်သွင်းပေးပို့မည့် စာအိတ်ပေါ်တွင် ''နိုင်ငံတကာ ပြိုင်ပွဲဝင်မည့် ဒီဇိုင်းပုံများ'' ဟူသည့် အမှတ်အသားပြု စာတမ်းရေးသား၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန စာပို့တိုက်ဌာနခွဲ ရုံးအမှတ်(၂) နေပြည်တော်သို့ စက်တင်ဘာ ၁၇ရက်အရောက် စာတိုက်မှ အမြန်ချောဖြင့်ဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ ပေးပို့နိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို အထက်ပါရုံးသို့ ကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ဝ၆၇-၄ဝ၇၂၂၈နှင့် ဝ၆၇-၄ဝ၇၂၅၁တို့သို့ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

*** ရှေ့ဖုံးမှ**

အဆိုပါ သစ်မွှေးစိုက်ပျိုးရေးအဖွဲ့သည် မြစ်ကြီးနားမြို့မှ ၈မိုင်အကွာ မြစ်ကြီးနား-ဆွမ်ပရာဘွမ်ကားလမ်းဘေးတွင် တည်ရှိသည်။ သစ်မွှေးစိုက်ပျိုးရေးအဖွဲ့မှ တာဝန်ရှိသူ ဦးလွန်းဇောင်း၊ ဦးလဟာခေါင်လွမ်းနှင့်ခြံတာဝန်ခံဦးလွန်းဇယ်တို့နှင့် တွေ့ဆုံခဲ့သည်။

အဆိုပါ သစ်မွှေးစိုက်ပျိုးရေးအဖွဲ့သည် သစ်တောရေးရာဝန်ကြီးဌာနအောက်တွင် အစုအဖွဲ့ပိုင်သစ်တော (Community Forest) အဖြစ် လုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

တိုးချဲ့စိုက်ပျိုး

"ကျွန်တော်တို့ ငွေပျော်သစ်မွှေးစိုက်ပျိုးရေးအဖွဲ့အနေဖြင့် ကချင်ပြည်နယ်မှာ မျိုးသုဉ်းလုနီးပါးဖြစ်နေပြီဖြစ်တဲ့ ရှားပါးသစ်မွှေးကို အစုအဖွဲ့ပိုင်သစ်တောအဖြစ် စတင်ဆောင်ရွက်လုပ်ကိုင်နေပါတယ်။သစ်မွှေးမျိုးစေ့များကို ရှားရှားပါးပါး စိုက်ပျိုးထားတဲ့ ကျေးရွာများ နေအိမ်ခြံဝင်းအတွင်းမှ လိုက်လံစုဆောင်းခဲ့ပြီး

"သစ်မွှေးပင်များကို ဒီလို တစ်နှစ်သားအရွယ်မှာ စိုက်ရင်ပိုကောင်းပါတယ်"

ဦးလဟာခေါင်လွမ်း
(၈မိုင်ကျေးရွာမှ သစ်မွှေးစိုက်သူ)

၂၀၀၈ခုနှစ် ဧပြီလမှာ ပျိုးထောင်ခဲ့ပါတယ်။ ၂၀၀၉ခုနှစ် ဇွန်လမှာတော့ စတင်စိုက်ပျိုးပါတယ်။ ၁၂ ဧကကျော် စိုက်ပြီး ဖြစ်ပါတယ်။ လာမယ့်နှစ်မှာ ဧက ၅၀၀အထိ တိုးချဲ့စိုက်ပျိုးသွားဖို့ စီစဉ်ထားပါတယ်"ဟု အစုအဖွဲ့ပိုင် သစ်တောဥက္ကဋ္ဌ ဦးလွန်းဇောင်းက ပြောကြားသည်။

ရှားပါး

သစ်မွှေးပျိုးပင်များ ပြုစုပျိုးထောင်မှုနှင့်စပ်လျဉ်း၍ အစုအဖွဲ့ပိုင်သစ်တော ဒုတိယဥက္ကဋ္ဌ ဦးလဟာခေါင်လွမ်းကရှင်းပြသည်။

"ကျွန်တော်တို့ သစ်မွှေးမျိုးစေ့တွေကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အနီးဝန်းကျင်ရှိ နေအိမ်ခြံဝင်းများအတွင်း ရှားရှားပါးပါး စိုက်ပျိုးထားတဲ့ သစ်မွှေးပင်တွေမှ ရယူစုဆောင်းခဲ့ပါတယ်။ဒီသစ်မွှေးစေ့တွေကို ရေစိမ်ပြီး ပျိုးပေါင်နဲ့ ပျိုးထောင်ပါတယ်။ ပျိုးပင် ၁၅ရက်သားမှာ မြေဆီထည့်ထားတဲ့ ပလတ်စတစ်အိတ်တွေထဲကို ပြောင်းစိုက်ပျိုးပါတယ်။ ပျိုးပင်ရှစ်လသား၊ တစ်နှစ်သားအရွယ်မှာ မြေချပြီး ကျင်းနဲ့ စိုက်ပျိုးနိုင်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ပျိုးပင်တစ်သိန်း ပျိုးထောင်ခဲ့ပါတယ်။ သစ်မွှေး စိုက်လိုတဲ့သူတွေအတွက် တစ်ပင် ငွေကျပ် ၅၀၀နှုန်းနဲ့ ရောင်းချပေးခဲ့ပါတယ်။ လာမည့်နှစ်မှာလည်း အပင်တစ်သိန်းလောက် ပျိုးထောင်သွားဖို့ရှိပါတယ်" ဟု ဦးလဟာခေါင်လွမ်းက ပြောသည်။

သက်တမ်း

"သစ်မွှေးပင်တွေကို ပင်ကြား၁၀ပေနဲ့ တန်းကြား ၁၀ပေနှုန်း တစ်ဧကအပင် ၅၀၀စိုက်နိုင်ပါတယ်။ပင်ကြားခြောက်ပေနဲ့တန်းကြား ခြောက်ပေနှုန်း စိုက်ရင်တော့ တစ်ဧကအပင် ၈၀၀ အထိ စိုက်နိုင်ပါတယ်။ ဂဝံမြေတွေမှာ စိုက်နိုင်ပါတယ်။ အပင်သက်တမ်း ငါးနှစ်မှစပြီး အသုံးပြုနိုင်တဲ့ သစ်မွှေးအဆင့်သို့ ရောက်ပါတယ်။ အပင်သက်တမ်း သုံးနှစ်သားအရွယ်မှာ

"သစ်မွှေးကို မြစ်ကြီးနားမှာ စိုက်သူတွေ ပိုများလာပါတယ်"

ဦးလွန်းဇောင်း
(၈မိုင်ကျေးရွာ သစ်မွှေးစိုက်ပြည်သူ)

အပင်ကို မိုက်ခရုတ်(အဏုဇီဝပိုး)များ ထိုးပေးလိုက်ခြင်းဖြင့် တန်ဖိုးရှိတဲ့ သစ်မွှေးပင်ဖြစ်လာပါတယ်။ သစ်မွှေးဆီ တစ်ကီလိုကို ကမ္ဘာ့ဈေးကွက်မှာ အမေရိကန်ဒေါ်လာ နှစ်သောင်းအထိ ရရှိကြောင်း သိရပါတယ်"ဟု မြစ်ကြီးနားတက္ကသိုလ် ရုက္ခဗေဒဌာနမှ ဒေါက်တာဒေါ်ကလျာလူက မြန်မာ့အလင်းသို့ ရှင်းပြသည်။

သစ်မွှေးအဆီများအား သွေးတိုး၊ နှလုံးရောဂါများ ကုသရာတွင်လည်းကောင်း၊ အေအိုင်ဒီအက်စ်ရောဂါကုသရာတွင်လည်းကောင်း၊ ဆေးဝါး အမျိုးမျိုးထုတ်လုပ်ရာတွင်လည်းကောင်း အသုံးပြုနေကြောင်း၊ သစ်မွှေးဆီများကို အာရပ်နိုင်ငံများနှင့် အနောက်နိုင်ငံများက ဝယ်ယူနေကြောင်းသိရသည်။

ဆီထွက်နှုန်း

သတင်းအဖွဲ့သည် မြစ်ကြီးနားမြို့နယ် ရွှေစက်ကျေးရွာအတွင်း အနှစ်နှစ်အလလက စိုက်ပျိုးထားခဲ့သော သစ်မွှေးပင်များကို သွားရောက်လေ့လာခဲ့သည်။ သစ်မွှေးပင်များသည် ပင်စည်များ ဖြောင့်တန်း ရှည်လျားပြီး အမြင့်ပေ ၅၀ ကျော်အထိ မြင့်တက်နိုင်ကြောင်း သိရသည်။ သက်တမ်းရင့်လာသော သစ်မွှေးပင်များသည် ပင်စည်များ မည်းနက်လာပြီး အဆီထွက်နှုန်း ကောင်းလာသည်။

တန်ဖိုးကြီး

သစ်မွှေးပင်များ၏ အဆီထွက်အား ကောင်းသော နေရာများကို ဆောက်ဖြင့် ထိုးလှာပြီး ကြိတ်ရသည်။ ယင်းကြိတ်ဖတ်များကို ရေစိမ်ပြီး ပေါင်းခံကာ အဆီထုတ်ယူရသည်ဟု ဆိုသည်။ ထုတ်ယူရရှိသော သစ်မွှေးအဆီသည်အလွန်တန်ဖိုးကြီးမားသည်။ အဆီလျက်ဆားပုလင်းငယ် တစ်လုံးလျှင် ငွေကျပ် ၆၀၀၀၀၀ကျော်အထိ ရရှိနိုင်ကြောင်းသိရသည်။ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်တွင် အဆီချက်လုပ်ငန်းလုပ်ကိုင်ကြကြောင်း သိရသည်။

သစ်မွှေးအဆီများကို သွေးတိုး၊နှလုံးရောဂါများကုသရာမှာ လည်းကောင်း၊ အေအိုင်ဒီအက်စ်ရောဂါ ကုသရာမှာ လည်းကောင်း၊ ဆေးဝါးအမျိုးမျိုး ထုတ်လုပ်ရာမှာလည်းကောင်း အသုံးပြုနေ။

အဆီထုတ်ယူပြီးကျန်ရှိနေသော သစ်မွှေးအသားများ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)



သစ်မွှေးသီးအတွင်းမှ ထုတ်ယူလိုက်သော သစ်မွှေးစေ့များကို တွေ့ရသည်မှာ....။ (မြန်မာ့အလင်း)

စီးပွားတိုး

သို့ဖြစ်၍ ကချင်ပြည်နယ် ဒေသအနှံ့အပြားတွင် သစ်မွှေးပင်များ တိုးချဲ့စိုက်ပျိုးသွားခြင်းဖြင့် သစ်မွှေးစိုက်တောင်သူများ ဝင်ငွေ စီးပွား တိုးပွားလာတော့မည်ကို ထင်ထင်ရှားရှား တွေ့မြင်ခဲ့ရပြီဖြစ်ပါကြောင်း ကွင်းဆင်းစေ့ငုတင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၈-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ခန္ဓာဘဏ်ရောက်ပဋိစ္စသမုပ္ပာဒ်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၂၀)
၈:၃၀	Art Talk (ပန်းချီဆရာဦးခင်မောင်ဗိုလ်နှင့် တွေ့ဆုံခြင်း)
၉:၁၀	Sports World (Magway F.C Vs Kingfisher East Bengal)
၉:၄၀	နိဗ္ဗာန်သို့.... အထောက်အပံ့ကောင်းဖြစ်ရာ ရွှေသစ္စာတောရရိပ်သာ
၁၀:၁၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာခက်ပွင့်လှိုင်နှင့် တွေ့ဆုံခြင်း)
၁၀:၄၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဘယ်သူ့ကိုအချစ်ဆုံးလဲ**
၁၁:၁၅	မြတ်နိဗ္ဗာန်သို့....သွားရာ အေးချမ်းသာယာ စန္ဒကူးမြိုင်ရိပ်သာ
၁၁:၅၀	JUNCTION CENTER-NAY PYI TAWRE ဖွင့်ပွဲအခမ်းအနား
၁၂:၂၀	ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
၁၂:၃၅	အဓိဋ္ဌာန်ပြုကာ ဆုတ်ခွေမည် ဦးရာဇ်တော်စေတီ
၁:၀၀	**ခန္ဓာဘဏ်ရောက်ပဋိစ္စသမုပ္ပာဒ်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival (Emo Fashion)
၃:၃၀	ထုထည်ကြီးမား ထင်ရှားဇေကန် ဓမ္မရုံ
၃:၄၅	အညာဒေသစပါးအထွက်တိုးစေမည့် ပခုက္ကူခရိုင်မှ ကြီးရှာလျှပ်စစ်မြစ်ရေတင်စီမံကိန်း
၄:၀၅	ရန်ကုန်မြင်ကွင်းကျယ် (Myanmar Super Star Singing Contest စာနယ်ဇင်းရှင်းလင်းပွဲ)
၄:၂၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဘယ်သူ့ကိုအချစ်ဆုံးလဲ**
၄:၅၅	ဂီတသရုပ်ပြခန်း (ကောင်းမြတ်-မျှော်လင့်နေတဲ့တိမ်)
၅:၃၅	အနုပညာမိုးကောင်းကင်
၆:၀၀	MRTV-4 သတင်း
၆:၂၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာခက်ပွင့်လှိုင်နှင့် တွေ့ဆုံခြင်း)
၆:၄၅	ရန်ကုန်မြင်ကွင်းကျယ် (Myanmar Super Star Singing Contest စာနယ်ဇင်းရှင်းလင်းပွဲ)
၇:၀၀	Fashion Music Festival (Emo Fashion)
၇:၃၅	Make in a Delicious Way (ကွာလာလမ်ပူမြို့မှ စွဲမက်ဖွယ်ရာ အစားအသောက်များ အကြောင်း)
၈:၀၀	MRTV-4 သတင်း
၈:၃၀	JUNCTION CENTRE NAY PYI TAWဖွင့်ပွဲ အခမ်းအနား
၉:၀၀	အနုပညာမိုးကောင်းကင်
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ**(အပိုင်း-၂၀)
၁၀:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ် (Hot Shot)
၁၁:၄၅	ရွက်ခေါက်သီးမြစ်တို့၏ ကောင်းကျိုး ဆိုးပြစ်(အပိုင်း-၁)
၁၂:၀၀	နိဗ္ဗာန်သို့.... အထောက်အပံ့ကောင်းဖြစ်ရာ ရွှေသစ္စာတောရရိပ်သာ
၁၂:၃၀	ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၁၂:၄၀	ဂီတသရုပ်ပြခန်း (ကောင်းမြတ်-မျှော်လင့်နေတဲ့တိမ်)
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဩဂုတ်၂၅ရက်က အထက(၁) လသာ ဗဟိုစံပြခန်းမ၌ ကျင်းပသော ရန်ကုန်တိုင်း အခြေခံပညာအဆင့် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီး ပြိုင်ပွဲတွင် အမက(၁၇) မရမ်းကုန်းမှ မသိမ့်သဉ္ဇာလှိုင်၏ မဟာဂီတဖြင့် အဆိုပြိုင်ပွဲဝင်ဟန်။ (၁၀၆)

မြောင်မြို့တွင် သွေးလွန်တုပ်ကွေးကာကွယ်

မြောင် ဩဂုတ် ၂၆

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့လူထုကျန်းမာရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့် လူမှုရေးအဖွဲ့အစည်းများ၊ အမှုဆောင်အရာရှိနှင့် စည်ပင်ဝန်ထမ်းများသည် သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးအတွက် အမက ၁၊ ၂၊ ၃ နှင့် ၄ တို့တွင် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကမ္ဘာကြီးပူနွေးမှု လျှော့ချရေးဆွေးနွေးပွဲ

ရန်ကုန် ဩဂုတ် ၂၆

*မင်္ဂလာမြန်မာသည် ကမ္ဘာကြီးပူနွေးမှု ကာကွယ်လျှော့ချရန်နှိုးဆော်သည့် အစီအစဉ်တစ်ခုအနေဖြင့် **Climate Change Adaptation & the Role of Civil Society** ဖိုရမ်ကို ဩဂုတ် ၂၉ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ပြည်လမ်းရှိ **IBC (International Business Center)** တွင် ကျင်းပမည်ဖြစ်ရာ ဆရာကျော်ဝင်း၊ ဒေါက်တာဆွေသွင်နှင့် ဒေါ်ယုဇာမော်ထွန်းတို့က ဆွေးနွေးကြမည်ဖြစ်သည်။ အဆိုပါဖိုရမ်သို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ် သိရှိလိုပါက မင်္ဂလာမြန်မာ ဖုန်း-၅၄၄၄၈၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)*

ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် ကွန်ပျူတာတက္ကသိုလ်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကိုနှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

✳ ကျောဖုံးမှ

ကွမ်းသီးပင်များ၊ သင်္ဘောခြံများကို မပြတ်တမ်း တွေ့မြင်ခဲ့ရသည်။ ဤအရပ်သည် ရေမိုးအဆင်ပြေသဖြင့် စိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းခြင်းလည်းဖြစ်သည်။

လေ့လာနိုင်

မိချောင်းအိုင်ကျေးရွာအုပ်စုတွင် မိချောင်းအိုင်ရွာ၊ တပေရွာ၊ မြလေးစုရွာ၊ ဘုရားငုတ်တိုရွာ၊ ဦးရွှေရိုးရွာနှင့် ရွာသာအေးရွာတို့ ပါဝင်သည်။ စက်လှေက ဖြည်းဖြည်းနှင့်မှန်မှန် မောင်းနှင်နေမှုကြောင့် ပတ်ဝန်းကျင်မြင်ကွင်းကို စိတ်တိုင်းကျလေ့လာခွင့်ရသည်။ ဘုရားပန်းများဖြစ်သည့် ဇော်လုံး၊ ဇော်ကြားနှင့်ရွက်လှ စိုက်ခင်းများကိုတွေ့ရသလို ကြက်ဟင်းခါးပင်များ စိုက်ပျိုးမှုကိုလည်း မြင်ရသည်။

ပေါင်းသင်မှု

ဇော်လုံးပန်းစိုက်ခင်းကို အနီးကပ်လေ့လာကြည့်ရာ တစ်ပင်နှင့်တစ်ပင် လေးလက်မခြား စိုက်ပျိုးထားပြီး တစ်ပေါင်နှင့်တစ်ပေါင် ကွာခြားမှုမှာ ၁၈လက်မရှိသည်။ ဇော်လုံးပန်းများသည် ပိုးကျခြင်း မရှိသော်လည်း ပေါင်းသင်ပေးမှု ပြုလုပ်ရကြောင်း သိရသည်။

"ဇော်လုံးပန်းခင်းက ထွက်ရှိတဲ့ပန်းတွေက တစ်နေ့အပင် ၁၅၀၀၀ နီးပါးရပါတယ်။ နေ့စဉ် သင်္ဘော၊ စက်လှေတွေနဲ့ ရန်ကုန်တင်ပို့ပါတယ်။ ကျွန်တော်တို့ မိချောင်းအိုင်ကျေးရွာအုပ်စုမှာ ခြံစိုက်ပျိုးတဲ့သူ ၃၀လောက်ရှိပါတယ်။ အနည်းဆုံး တောင်သူတစ်ဦးကို ပန်းစိုက်ဧက တစ်ဧကကျော်ရှိနေတာပါ။ တစ်ဧကဆိုရင် ဇော်လုံးပန်းအပင် လေးသိန်းလောက် စိုက်ပျိုးနိုင်တာမို့ တစ်ကြိမ်တင်ပို့ရင် စက်လှေကြီး ၁၀စင်းလောက် တင်ပို့နိုင်ပါတယ်" ဟု တောင်သူ ဦးဝေလွင်က ဆက်လက်ရှင်းပြသည်။

ဇော်လုံးပန်း စိုက်ပျိုးခြင်းအတွက် တစ်ဧက တစ်နှစ်ကုန်ကျစရိတ်မှာ နှစ်သိန်းခန့်သာရှိပြီး တစ်နှစ်ဝင်ငွေမှာ ငွေကျပ် ၂၅သိန်းခန့်ရရှိကြောင်း သိရသဖြင့် အံ့သြမှုဖြစ်ရသည်။ ပန်းစိုက်တောင်သူများ တွက်ချေကိုက်သည့် စိုက်ပျိုးမှု။ ထို့ကြောင့် တောင်သူများ ပန်းကို စိုက်ပျိုးနေကြခြင်းဖြစ်သည်။

ပန်းစိုက်ပျိုးမှုသာမက ဝမ်းစာနှင့်ပတ်သက်၍လည်း ဒေးဒရဲမြို့နယ်သည် ယခုနှစ်၌ မိုးစပါးစိုက်ဧက ၁၈၁၉၉၀ ဧက အပြည့်စိုက်ပျိုးမည်ဖြစ်သည်။ တစ်ဖန် နွေစပါး စိုက်ပျိုးမှုကိုလည်း ဧက ၈၅၀၀၀စိုက်ပျိုးရန် လျာထားရာ ရာနှုန်းပြည့် စိုက်ပျိုးသွားမည်ဖြစ်သည်။

ရန်ကုန်သို့တင်ပို့

ဒေးဒရဲမြို့နယ်တွင် ၂၀၀၉ခုနှစ်၌ ဟင်းသီးဟင်းရွက်စိုက်ဧက ၅၉၇ ဧက၊ သီးပင်စားပင်စိုက်ဧက ၁၁၄၃ ဧက ၊ ကွမ်းရွက်စိုက်ပျိုးမှု ၃၅ဧက၊ ငရုတ်ကောင်းစိုက်ပျိုးမှုဧက ၁၈၀၊ ငှက်ပျောစိုက်ပျိုးမှုဧက ၆၈၅ဧကနှင့် နံနံ၊ စပါးလင်စိုက်ဧက ၄၆၀တို့ရှိရာ ထွက်ရှိသော ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံများကို မြို့နယ်အတွင်း စားသုံးသလို ပိုလျှံသော ဟင်းသီးဟင်းရွက်များကို စက်လှေများဖြင့် ရန်ကုန်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

မြင်တွေ့ရ

ထို့နောက် မြလေးစုရွာသို့ ဆက်လက်ထွက်ခွာခဲ့သည်။ မိချောင်းအိုင်ရွာနှင့် မြလေးစုရွာမှာ စက်လှေမိနစ် ၂၀ခန့်မောင်းသည်နှင့် ရောက်ရှိခဲ့သည်။ မြလေးစုတွင် စိုက်ပျိုးထားသော ဇော်လုံးပန်းစိုက်ခင်းများနှင့် သင်္ဘောစိုက်ခင်းများကို တွေ့ရသည်။ မြလေးစုရွာမှလည်း ပန်းအပါအဝင် ဟင်းသီးဟင်းရွက်စိုက်ပျိုးထွက်ရှိမှုမှာ တစ်နေ့လျှင် စက်လှေလေးစင်းခန့်မျှ ရှိကြောင်း သိရသည်။ စိုက်ပျိုးရေးကို အဓိကဦးစားပေး လုပ်ကိုင်သော ကျေးရွာဖြစ်ရာ တစ်ပိုင်တစ်နိုင် စိုက်ခင်းများကို အိမ်တိုင်းနီးပါး မြင်တွေ့ရသည်။

အားရကျေနပ်

ထို့နောက် မြလေးစုရွာမှ စက်လှေဖြင့်ပြန်လာခဲ့သည်။ တူးမြောင်းအတွင်း စုန်ဆန်သွားလာနေကြသည့် စက်လှေများ၊ လှော်လှေများကို မပြတ်တမ်းတွေ့ရသည်။ စက်လှေများနှင့်လှေများပေါ်၌ ဒေသထွက်ကုန် ဟင်းသီးဟင်းရွက်နှင့်ပန်းများ တင်ဆောင်ထားသည်ကို မြင်တွေ့ရသည်။ အပြန်ခရီးတစ်လျှောက်ကား ဧရာဝတီတိုင်းသားတို့၏ လုပ်အားအလှကို တွေးရင်း အားရကျေနပ်နေမိတော့သည်။ ။ **(မြန်မာ့အလင်း)**

ဒေးဒရဲမြို့နယ် မိချောင်းအိုင်ရွာရှိ ဇော်လုံးပန်း စိုက်ခင်းအတွင်း ပန်းများစည်းနေသည့် မြင်ကွင်း။ (မြန်မာ့အလင်း)

ပန်းစိုက်ခင်း

မိချောင်းအိုင်ရွာသို့ မွန်းတည့် ၁၂နာရီခန့်တွင် ရောက်ရှိပြီး ဇော်လုံးပန်းစိုက်သည့် တောင်သူဦးဝေလွင်၏ ပန်းစိုက်ခင်းသို့ သွားရောက်လေ့လာခဲ့သည်။ မိချောင်းအိုင်ရွာသည် ရွာတန်းရှည်ဖြစ်ပြီး မြစ်ကမ်းနားတစ်လျှောက် တည်ထားသောရွာဖြစ်သည်။ တစ်ရွာလုံး စပါးစိုက်ပျိုးခြင်းနှင့် ရာသီပင်များ စိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများ ဖြစ်သည်ကို ရွာလယ်လမ်းအတိုင်းလျှောက်ရင်း တွေ့မြင်ရသည်။

ရွာလယ်လမ်းအတိုင်း ၁၅မိနစ်ခန့် လမ်းလျှောက်လိုက်သည်နှင့် တောင်သူဦးဝေလွင်၏ ဇော်လုံးပန်းစိုက်ခင်းကို အဝေးကပင်မြင်တွေ့ရသည်။ မြရောင်သမ်းပြီး လန်းဆန်းနေသော ဇော်လုံးပန်းပင်များကို အတန်းလိုက် စိုက်ပျိုးထားသည်။ ပန်းခင်းအတွင်း ဇော်လုံးပန်းများကို အရွက်သန့်စင်နေသော အလုပ်သမားများကိုလည်း မြင်တွေ့ရသည်။

ပန်းခင်းအဝင်ဝ၌ပင် တောင်သူဦးဝေလွင်ကိုတွေ့ရပြီး သိလိုသည့်အချက်များကိုမေးမြန်းရာ "ဇော်လုံးပန်းစိုက်တာကတော့ ခြောက်နှစ်လောက်ရှိပါပြီ၊ မျိုးကတော့ အရင်နှစ်တွေက ပန်းမျိုးကိုပဲ ချန်ထားပြီး စိုက်ပျိုးတာပါ။ ကျွန်တော်ကတော့ အညွန့်စိုက်တာများတယ် ပန်းအညွန့်ကိုဖြတ်ပြီးစိုက်တာ ခြောက်လဆိုရင် ပန်းဖြတ်ရောင်းတဲ့ အဆင့်ရောက်ပါတယ်။ အပင်ရိုးတံကို စိုက်ပျိုးရင်တော့ ၁၂လကြာမှ ပန်းအဖြစ်ဖြတ်ရောင်းလို့ရတယ်" ဟု တောင်သူဦးဝေလွင်က ရှင်းပြသည်။

ဒေးဒရဲမြို့နယ်တွင် ၂၀၀၉ခုနှစ်၌ ဟင်းသီးဟင်းရွက်စိုက်ဧက ၅၉၇ ဧက၊ သီးပင်စားပင် စိုက်ဧက ၁၁၄၃ ဧက၊ ကွမ်းရွက်စိုက်ပျိုးမှု ၃၅ဧက၊ ငရုတ်ကောင်း စိုက်ပျိုးမှုဧက ၁၈၀၊ ငှက်ပျောစိုက်ပျိုးမှုဧက ၆၈၅ ဧကနှင့် နံနံ၊ စပါးလင်စိုက်ဧက ၄၆၀ တို့ရှိရာ ထွက်ရှိသော ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံများကို မြို့နယ်အတွင်း စားသုံးသလို ပိုလျှံသော ဟင်းသီးဟင်းရွက်များကို စက်လှေများဖြင့် ရန်ကုန်သို့ တင်ပို့လျက်ရှိ။

ဒေးဒရဲမြို့နယ် မြလေးစုကျေးရွာမှ ပန်းစိုက်ခင်းများကို ဤသို့ ဝွားဝွားစွင့်စွင့် မြင်တွေ့ရသည်။ (မြန်မာ့အလင်း)

အမှတ်(၂)စက်မှုဝန်ကြီးဌာန Technical Orientation ကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

အမှတ်(၂)စက်မှုဝန်ကြီးဌာန Technical Orientation ကို ဩဂုတ် ၂၅ရက် နံနက် ၉နာရီခွဲတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းက (Logistics and Strategy for Cost Efficiency and Service Enhancement) စာတမ်း၊ ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းဦးက (Integrated Management System for Enhanced Performance and Productivity) စာတမ်းတို့ကို ဟောပြောဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ်ရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်မြို့ တာမွေမြို့နယ်အတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၄ရက် မွန်းလွဲ ၂နာရီတွင် ပြည်တွင်းအခွန်များဦးစီးဌာန တာမွေမြို့နယ် အခွန်ဦးစီးဌာနရုံး၌ ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ ရန်ကုန်တိုင်း အခွန်ဦးစီးဌာနမှူးဦးထွန်းသန်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် ရန်ကုန်တိုင်း အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုက စားသောက်ဆိုင်လုပ်ငန်းရှင်များအား ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ ကိစ္စရပ်များ အခွန်ပညာပေး ဆွေးနွေးခဲ့ပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတင်မောင်သန့်က ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပါ စားသောက်ဆိုင်များနှင့် ပတ်သက်သည့် ဥပဒေ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အသုံးပြုရမည့် ပြေစာဆိုင်ရာ သတ်မှတ်ချက်များ၊ ထားရှိရမည့်မှတ်တမ်းစာအုပ်များနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးသည်။

စားသောက်ဆိုင်လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို တိုင်းအခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ အခမ်းအနားသို့ တာမွေမြို့နယ်အတွင်းရှိ စားသောက်ဆိုင်များမှ လုပ်ငန်းရှင်၄၈ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်သုံးဆားများ အိုင်အိုဒင်းပါဝင်မှုစစ်ဆေး

ကျောက်တံခါး ဩဂုတ် ၂၆

ကျောက်တံခါးမြို့နယ် ပဲခူးယ်ကုန်းမြို့မဈေးကြီးအတွင်း ရောင်းချလျက်ရှိသော အိမ်သုံးဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှုရှိ/မရှိ၊ ပြည်သူများစားသုံးရန်မသင့်သည့် စားသောက်ကုန်များရောင်းချခြင်း ရှိ/မရှိ စစ်ဆေးမှုကို ဩဂုတ် ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးတာဝန်ခံ ဦးတင်အောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးဦးစောဝင်းရွှေနှင့် ဝန်ထမ်းများ၊ ဈေးမိဈေးဖများနှင့် ပြည်တော်သာ ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

■ ကျောဖုံးမှ

နှစ်ဆယ့်သုံးဦးမှာ ရောဂါပျောက်ကင်းသဖြင့် ဆေးရုံမှဆင်းပေးပြီးဖြစ်ကြောင်း၊ ကျန်လူနာသုံးဦးကိုလည်း အထူးကုဆရာဝန်ကြီးများက စနစ်တကျ ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါပိုး New Influenza A(H1N1) ဟု သံသယရှိသူ ၁၉၂ ဦးအား ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနမှ စမ်းသပ်စစ်ဆေးခဲ့ရာ ပိုးတွေ့ရှိသူ ၂၆ဦးရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေကျပ် ခြောက်သိန်းတန်ဖိုးရှိ သုတ၊ ရသ စာအုပ်ပေါင်း ၅၉၃အုပ်ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဆရာစံလမ်း ရန်ကင်းစင်တာ ပုဂံစာအုပ်တိုက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်) သို့ ယနေ့ နံနက်ပိုင်းတွင် လာရောက် လှူဒါန်းသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ်အတွင်း ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရန်ပုံငွေရရှိရေးအတွက် စာငှားစနစ် ကျင့်သုံးရေးဆွေးနွေးပွဲကို ဩဂုတ်၂၁ရက်က(၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး လင်းရောင်ခြည် စာကြည့်တိုက်၌ ကျင်းပရာ ရပ်ကွက် ဥက္ကဋ္ဌ ဦးအေးပိုင်က ရပ်ကွက်ရုံးရှေ့ မြေနေရာတွင် စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်ရေး ရှင်းလင်းဆွေးနွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Han Sein Thant Engineering & Trading ၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဩဂုတ် ၂၉ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စီးပွားရေးပညာရှင် ဒေါက်တာဦးမြင့်က "အမေရိကန်ဒေါ်လာ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ငွေကြေး အကျပ်အတည်း" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်လယ်ဝေးမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

နေပြည်တော် လယ်ဝေးမြို့နယ်အသင်း(ရန်ကုန်) လူမှုရေးအကျိုးဆောင်များက စက်တင်ဘာ ၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားတောင်ဘက်မုခ် ရွှေကျင်ဓမ္မာရုံ၌ ရန်ကုန်မြို့ရှိ နေပြည်တော်လယ်ဝေး မြို့နယ်သူ၊ မြို့နယ်သားများ၏ ပညာရည်ချွန်သားသမီးများအား ဆုပေးပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ပြီး လယ်ဝေးမုန့်ဟင်းခါးဖြင့် တည်ခင်းဧည့်ခံမည်ဖြစ်ကြောင်း၊ အဆိုပါ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ ရန်ကုန်မြို့နေ နေပြည်တော် လယ်ဝေး မြို့နယ်သူ၊ မြို့နယ်သားတိုင်း တက်ရောက်ကြပါရန်နှင့် ဂုဏ်ထူးရသားသမီးများ၏ အမည်စာရင်းကို ဦးဝင်းမြင့် ဖုန်း-၀၉-၅၁-၄၃၁၇၆ နှင့် ဦးစန်မောင် ဖုန်း-၅၃၇၇၆၁ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာပေး ဟောပြော

မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၂ရက်က မရမ်းကုန်း အထက(၅)ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးချစ်ထွန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ဝင်း ပညာပေး ဟောပြောစဉ်။ (၁၁၁)

ဩဂုတ် ၂၅ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် အောင်စီဆိပ်ကမ်းမြို့နယ်ရဲတပ်ဖွဲ့ မိသားစုဓမ္မာရုံ၌ ကျင်းပသော အေအိုင်ဒီအက်စ်ရောဂါနှင့် လူကုန်ကူးခြင်း ကြိုတင်ကာကွယ်ရေး ဟောပြောဆွေးနွေးပွဲတွင် စီမံချက်အရာရှိ ဒေါက်တာကျော်ဝင်း ဟောပြောဆွေးနွေးစဉ်။

(၁၀၆)

မြစ်ရေကြီးခြင်း သတိပေးထား

ရန်ကုန် ဩဂုတ် ၂၆

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မြစ်ငယ်မြို့၌ ၈၄၄စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မီးသတ်စခန်းများကြည့်ရှု

ရန်ကုန် ဩဂုတ် ၂၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဩဂုတ် ၂၅ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီ၊ လက်ပံတန်းနှင့် မင်းလှမြို့နယ်များရှိ သန္တေနှင့် အရန်မီးသတ်စခန်းများ၊ ရန်ကုန်တိုင်း တိုက်ကြီးနှင့် မှော်ဘီမြို့များရှိ သန္တေမီးသတ်စခန်းများသို့သွားရောက်၍ မီးသတ်စက်/ယာဉ်များ၏ ကြံ့ခိုင်မှု၊ တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေး ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လက်ပံတန်းမြို့နယ် သိုက်ဝါးချောင်းကျေးရွာ၊ မင်းလှမြို့နယ် စစ်ကွင်း၊ လက်ပံရေကျော်၊ စိန်ကန့်လန့်နှင့် သရက်တပင် ကျေးရွာများရှိ အရန်မီးသတ်တပ်ဖွဲ့များအတွက် အပေါ့စား မီးသတ်စက်၊ မီးသတ်ပိုက်လိပ်နှင့် တူညီဝတ်စုံများ၊ စာသင်ကျောင်းများအတွက် အလှူငွေနှင့် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တာချီလိတ်မြို့နယ်၌ လက်နက်နှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ ထိုင်းနိုင်ငံသား နှစ်ဦးအပါအဝင် တရားခံခြောက်ဦးအား ဖမ်းဆီးထား

နေပြည်တော် ဩဂုတ် ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ် မူးယစ်အဖွဲ့မှ တာဝန်ရှိသူများသည် ဩဂုတ် ၂၄ရက် မွန်းလွဲ ၁၂နာရီ မိနစ် ၅၀ခန့်တွင် တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု ဝမ်လိကျေးရွာရှိ နေအိမ်တစ်အိမ်ကို ဝင်ရောက်ရှာဖွေရာ စိုင်းဝင်းနိုင်(ခ) အားဖင်၊ အားယောင်၊ အားပေါင်း(ခ) သန်းဦးနှင့် မအားရှင်တို့အားတွေ့ရှိရပြီး ယင်းနေအိမ်ကားဂိုဒေါင်အတွင်း ရပ်ထားသော TOYOTA LUCIDA တံဆိပ်ပါ တောင်းအွေစ်ယာဉ် အမှတ် ၂ခ/၉၃၉၄ ယာဉ်ပေါ်နှင့် နေအိမ်ပေါ်တို့မှ MADSEN တံဆိပ်ပါ သေနတ်အရှည်တစ်လက်၊ STEYR M9-41 သေနတ်နံပါတ်-၀၅၈၇၆၈ ပစ္စတိုတစ်လက်၊ ၉မမ လူဂါကျည်(၁၀၈) တောင့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၄၀၀၀၊ ဘိန်းဖြူမှုန့် ၂၁ကီလို၊ ဘိန်းဖြူဘလောက်တုံး ၁၀၂တုံး ၃၅ဒသမ၇ ကီလိုဂရမ်၊ ဆိုင်ကယ်ငါးစီးနှင့် မော်တော်ယာဉ် နှစ်စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံ စိုင်းဝင်းနိုင်(ခ) အားဖင်၏ ထွက်ဆိုချက်အရ တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု ဝမ်လုံကျေးရွာ အမှတ်(၂၁၂)ရှိ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၂၀၀၀၊ ဘိန်းဖြူဘလောက်တုံး နှစ်တုံး ၇၀၀ဂရမ်နှင့် ICE ၁၀ကီလိုဂရမ်တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

သိမ်းဆည်းရမိ

ထို့နောက် တရားခံများ၏ ထပ်မံထွက်ဆိုချက်များအရ ဟောင်လိတ်ကျေးရွာအုပ်စု၊ တော်ကော့အပြင်ကျေးရွာ၊ အမှတ်(၁၃၆)နေ အိုက်ခွက်(ခ) ညီခွက်၏ အိမ်ကို ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ ICE ၂၄ ဂရမ်၊ ခတ်ဆူး ၁၁ဂရမ်၊ မော်တော်ယာဉ်နှစ်စီး၊ ဆိုင်ကယ်တစ်စီးတို့ကို ဩဂုတ် ၂၄ရက် ညနေ ၄နာရီတွင် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထပ်မံထွက်ဆိုချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများကို တာချီလိတ်မြို့ ရွှေရေကန်ဟိုတယ်၌ တည်းခိုနေသည့် ထိုင်းနိုင်ငံသား လင်မယားနှစ်ဦးက တစ်ပြားလျှင်ဘတ် ၄၀ဖြင့် ဝယ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သိရှိရသဖြင့် ဩဂုတ်၂၅ရက် နံနက် ၁နာရီ မိနစ်၂၀တွင် ရွှေရေကန် ဟိုတယ်အခန်း (၁၀၆)၌ တည်းခိုနေသော ထိုင်းနိုင်ငံသား နိုင်းအနုချ(ခ) ဆဲမော် (ကျား) (၂၈)နှစ် (ဘ)ဦးနိုင်းဆဲန်၊ အမှတ် (၁၂၃) ရပ်ကွက်(၄) ချင်းရှန့်မြို့နယ် ချင်ရိုင်းခရိုင်နှင့် အားကျိုး (မ) (၄၁)နှစ် (ဘ) ဦးရှောင်ဖူခေါ် အမှတ် ၇၂၇/၉ ဆန်မာကော်ဝမ်ရွာ ဖန်မြို့၊ ချင်းမိုင်ခရိုင်တို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း၊ တရားခံများအားဖမ်းဆီး၍ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်တရားခံများအား ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၂၆ရက်က မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ ဒေါက်တာမင်းနိုင်အား ဗီယက်နမ်၌ ကျင်းပမည့် အဖွဲ့ခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။

(ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်)

အင်အားနည်း မြေငလျင် တစ်ခုလှုပ်

ရန်ကုန် ဩဂုတ် ၂၆

ဩဂုတ် ၂၆ရက် နံနက် ၉နာရီ ၂၉မိနစ် ၂၂စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၂၈၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ(ကပ္ပလီပင်လယ်ပြင်) တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ပညာရည်ချွန်ဆု

ဩဂုတ် ၂၂ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ ဆဋ္ဌမတန်းအထိ ခုနစ်နှစ်ဆက်တိုက် ပထမရရှိသူ မခင်ပြည့်စုံစိုးအား ကျောင်းအုပ်ဆရာကြီးဦးစိုးလွင်က ဆုချီးမြှင့်စဉ်။ (၁၂၈)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေးဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ သာမန်တုပ်ကွေးရောဂါနှင့် ယခုကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဘယ်လိုခွဲခြားသိနိုင်ပါသလဲ။

ဖြေ။ ။ သာမန်အားဖြင့် ရောဂါလက္ခဏာချင်း ဆင်တူပါသည်။ ရာသီတုပ်ကွေးရောဂါသည် ရာသီအလိုက် မကြာခဏ ဖြစ်ပေါ်နေသဖြင့် လူများတွင် ကိုယ်ခံစွမ်းအား အတိုင်းအတာတစ်ခုအထိရှိနေပြီး၊ ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှု ရှိသူများတွင် ဖြစ်ပွားပါက ပြင်းထန်ပြီး အသက်ဆုံးရှုံးမှု ဖြစ်နိုင်ပါသည်။

သို့သော် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ပိုးအသစ်ဖြစ်သောကြောင့် မည်သူ့တွင်မှ ကိုယ်ခံစွမ်းအားမရှိပါ။ ထို့ကြောင့် ရောဂါလက္ခဏာ ပိုမိုပြင်းထန်ပြီး အသက်အရွယ်မရွေး လူအားလုံးတွင်ဖြစ်နိုင်ကာ ရာသီတုပ်ကွေးကဲ့သို့ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် အသက်ဆုံးရှုံးမှုများပြားနိုင်ပါသည်။ ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့်သာ ရောဂါခွဲခြားသိရှိနိုင်ပါသည်။

မေး။ ။ တုပ်ကွေးရောဂါဖြစ်သူတိုင်း ဤရောဂါပိုးအား စစ်ဆေးရန် လိုအပ်ပါသလား။

ဖြေ။ ။ တုပ်ကွေးရောဂါဖြစ်လျှင် နီးစပ်ရာဆေးခန်း၊ ဆေးရုံများနှင့် ကျန်းမာရေးဌာနသို့ ပြသရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုအပ်ပါက ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အမှာစကား ပြောကြား

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အမ်းမြို့နယ် လုံးကောက်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျေးရွာများမှ ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။

(ပို့ဆောင်ရေး)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ အမ်းမြို့နယ် လုံးကောက်ကျေးရွာ၌ ဒေသခံများနှင့်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၆

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တို့သည် ဩဂုတ် ၂၃ရက်က အမ်းမြို့နယ် လုံးကောက်ကျေးရွာအုပ်စု လုံးကောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ လုံး၊ ပြောင်းချောင်း၊ လောင်းစပ်၊ ငလက်ကျ၊ ခရမ်းကျွန်း၊ ချင်းကုန်း၊ညောင်ချောင်း၊ ရေအေး၊ ပြောင်သေ၊ ထန်းချောင်း၊ သံပုရာ၊လင်းခုံ၊ ပျဉ်းချောင်း၊ ဆလန်တာ၊ ငှက်ကျော်နှင့် စခန်းကျေးရွာ ၁၆ ရွာမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံကြသည်။

ပေးအပ်

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ကျေးရွာများအတွက် အဝတ်အထည်များ၊ ကျောင်းသုံး ဗလာစာအုပ်များ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များ၊ အားကစားပစ္စည်းများ၊ အိမ်မိုးသွပ်နှင့် ဘိလပ်မြေအိတ်များကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်များနှင့်စာရေးကိရိယာများကို တစ်ဦးချင်းပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် ဩဂုတ် ၂၆

မွန်ပြည်နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၅ရက်က မော်လမြိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အသိပညာပေး

ရှေးဦးစွာ ကျောင်းအုပ်ကြီး ဦးစိုးမြင့်က အမှာစကား ပြောကြားပြီး ပြည်နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဝင် တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယ ရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရေးအကြောင်း

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ကိုလည်းကောင်း **(အောက်ဝဲပုံ)**၊ ဒုတိယ ရဲအုပ်အောင်နိုင်က ဆိုင်ကယ်နှင့် စက်ဘီးစီးနင်းသူများ၊ ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များကို လည်းကောင်း၊ ဒုတိယရဲအုပ်အောင်အောင်နိုင်က လမ်းဆုံများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးအတွက် လက်အချက်ပြ စနစ်ကိုလည်းကောင်း ဟောပြော ပြသကြကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအတွက် အသိပညာပေးဓာတ်လမ်းခွေကို ပြသသည်။

ပြောကြား

ထို့နောက် တာဝန်ခံ (ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေး ဓာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကိုပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရန်အတွက် မှတ်တမ်းဓာတ်ပုံများကိုပြသပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



Calsome ကွေကာ ၂၀၀၉ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီးနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ MDG Co.,Ltd. ၏ အဓိကကူညီပံ့ပိုးမှုဖြင့် T&T Group က တာဝန်ယူစီစဉ်သည့် Calsome ကွေကာ ၂၀၀၉ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီးနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ဩဂုတ်၂၅ ရက် နံနက် ၁၁နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ City Star Hotel ၌ ကျင်းပသည်။

ရှင်းလင်းဖြေကြား

အခမ်းအနားတွင် ဦးဝင်းဇင်ဦး၊ ဦးဒေါင်းနီ၊ ဦးစိုးသန်းဝင်းနှင့် ဦးဖြိုးမင်းနိုင်တို့က ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာနယ်ဇင်းများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထိုးသတ်သွားမည်

ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီးကို အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ)၌ စက်တင်ဘာ၅ရက် မွန်းလွဲ၁နာရီတွင် ကွာတားဖိုင်နယ်ပွဲစဉ်များဖြင့် စတင်ကျင်းပမည်ဖြစ်ပြီး စက်တင်ဘာ ၆ရက်တွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ထို့နောက် စက်တင်ဘာ ၁၂ရက်နှင့် ၁၃ရက်တို့တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များနှင့် စက်တင်ဘာ ၂၀ရက်တွင် ဗိုလ်လုပွဲကို ယှဉ်ပြိုင်ထိုးသတ်သွားမည် ဖြစ်သည်။

ပြိုင်ပွဲကို ကိုယ်အလေးချိန်အလိုက် လိုက်ဖလိုင်းမှ မစ်ဒယ်နှင့်အထက်ဟူ၍ ဝိတ်တန်း ကိုးတန်း သတ်မှတ်ထားပြီး ရိုးရာလက်ဝှေ့အဖွဲ့အသီးသီးမှ လက်ဝှေ့သမား ၅၀ကျော်တို့က မိမိတို့ဝိတ်တန်းအလိုက် ရွှေခါးပတ်ချန်ပီယံဖြစ်ရေး အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

ပံ့ပိုးကူညီလျက်ရှိ

ယခုကျင်းပသော ပြိုင်ပွဲသည် ပဥ္စမအကြိမ်မြောက်ဖြစ်ပြီး ၁၉၉၆၊ ၂၀၀၀၊ ၂၀၀၆နှင့် ၂၀၀၇တို့တွင်လည်း ကျင်းပခဲ့ဖူးသည်။ ယခုပြိုင်ပွဲကြီးကို Main Sponsor အဖြစ် ဆောင်ရွက်ပေးသော Calsome ကွေကာ MDG Co.,Ltd.သည် ၂၀၀၇ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီးကိုလည်း အဓိကကူညီပံ့ပိုးမှုပေးခဲ့သည့်အပြင် ပထမအကြိမ် မြန်မာ-ထိုင်း နိုင်ငံတကာရိုးရာလက်ဝှေ့ပွဲ အပါအဝင် နယ်အသီးသီးရှိ ရိုးရာလက်ဝှေ့ပြိုင်ပွဲများကိုပါ အဓိကကူညီပံ့ပိုးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီတောကိုမှီ၍

မိုးစပါး စိုက်ပျိုးပွဲတော် မူဆယ်၌ကျင်းပ

မူဆယ် ဩဂုတ် ၂၆

မူဆယ်မြို့နယ် မော်တောင်းဖုံ၊ မိုင်းယု ကျေးရွာအုပ်စု၊ မန့်မော်ကျေးရွာ တောင်သူ ဦးအောင်ခင်၏လယ်မြေ ၁ဒသမ ဝဝဧက ကွင်းအမှတ်(၉၀) ဦးပိုင်အမှတ် (၁၉/၂၀) တွင် ဆင်းရွှေလီ မိုးစပါးစိုက်ပျိုးပွဲတော် အခမ်းအနားကို ဇူလိုင် ၃၀ရက်က ကျင်းပသည်။ (အောက်ဝဲပုံ)

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့များ၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ဒေသခံ တောင်သူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ ခရိုင်ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က စပ်မျိုးစပါး စိုက်ပျိုးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်ဟန်က မိုးစပါးစိုက်ပျိုးထားရှိမှုကို ရှင်းလင်းပြောကြား၍ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဝင်းထိန်က စပ်မျိုးစပါး စိုက်ပျိုးနည်းပညာများ ရှင်းလင်းတင်ပြကြသည်။

(မြို့နယ်စာပေစာနယ်ဇင်း)

နောင်ချိုတွင် ကော်ဖီစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင် တိုးချဲ့စိုက်ပျိုးရေး ကွင်းဆင်းဆောင်ရွက် နည်းပညာများ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းက ကူညီလျက်ရှိ

သတင်းမှတ်စု - ဝင်းလှိုင်ဦး

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး(မြန်မာ့အလင်း)

လားရှိုး ဩဂုတ် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင် နှစ်ရှည်ပင် မန်နေဂျာနှင့်အဖွဲ့သည် ဩဂုတ် ၁၈ရက်က နောင်ချိုမြို့နယ်တွင်းရှိ နှစ်ရှည်ပင်နှင့် ကော်ဖီစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်မှုနှင့် တိုးချဲ့စိုက်ပျိုးရန် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

စံပြစိုက်ပျိုး

နောင်ချိုမြို့နယ် သရက်ကုန်းကျေးရွာရှိ မိုးထက်(ဆီနိုဒါ)ကော်ဖီခြံသည် ၂၀၀၇ခုနှစ်တွင် ဧက ၅၀၀စီမံကိန်းချ၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)၏အားပေးမှု၊ ဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုတို့ဖြင့် စိုက်ပျိုးခဲ့ရာ ၂၀၀၈ခုနှစ်ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ကော်ဖီစိုက်ပျိုးထူးချွန်ဆုချီးမြှင့်ခံခဲ့ရပြီး လုပ်သား ၂၅၀ဖြင့် စံပြဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်နိုင်

မြို့နယ်အတွင်း ကော်ဖီစီမံကိန်းဧက ၅၅၀၀၀ချမှတ်ထားရာ လုပ်ငန်းရှင်ပေါင်း ၅၀တို့အား ဧက ၂၁၀၀၀ချထားပေးခဲ့ပြီး ဧက ၁၁၇၀၀စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။ ဒေသနှင့်ကိုက်ညီသော အရောဘီကားနှင့် ကတ်တီမိုးမျိုးများကို စိုက်ပျိုးထားပြီး နည်းပညာများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းက ကူညီပံ့ပိုးပေးလျက်ရှိသည်။ စိုက်ပျိုးမြေရရှိရေးအတွက် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း နှစ်ရှည်ပင်နှင့် စိုက်မွေးဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

နောင်ချိုမြို့နယ်တွင် ဖြစ်ထွန်းအောင်မြင်နေသော ကော်ဖီစိုက်ခင်းများကို ဤသို့တွေ့ရသည်။ (စိုက်ပျိုးရေး)

27-8 (11).pmd 1 8/27/2009, 2:41 AM

 ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ပရီမီယာလိဂ်ရဲ့ ငွေကြေးသုံးစွဲမှုအများဆုံး မန်စီးတီးအသင်း

မောင်မောင်မြင့်ဆွေ သုံးသပ်ရေးသားသည် ❖ စာမျက်နှာဖွဲ့စည်းမှု မိုးမိုးအောင်

လန်ဒန် ဩဂုတ် ၂၆

ဒီနှစ်ဘောလုံးရာသီရဲ့ နွေရာသီ အပြောင်းအရွှေ့ဈေးကွက်မှာ ပရီမီယာလိဂ်ရဲ့ ငွေကြေးသုံးစွဲမှုအများဆုံးကတော့ ဒူဘိုင်းလ်စော်ဘွားများပိုင်ဆိုင်တဲ့ မန်စီးတီးအသင်းပဲဖြစ်ပါတယ်။

ဝယ်ယူ

မန်စီးတီးအသင်းဟာ ဩဂုတ် ၂၅ရက်က အဲဗာတန်ကစားသမား လက်စ်ကော့ကိုပြောင်းရွှေ့ကြေး ပေါင် ၂၄သန်းနဲ့ စာချုပ်ချုပ်ဆို ခေါ်ယူခဲ့တာမို့ ဒီနှစ်နွေရာသီ ဘောလုံးသမားအပြောင်းအရွှေ့ကာလမှာ ဘောလုံးသမားဝယ်ယူမှုအတွက် သုံးစွဲခဲ့တဲ့ငွေကြေးဟာ ပေါင် ၁၂၆ ဒသမ ၅ သန်းအထိ ရှိနေပြီဖြစ်ပါတယ်။

ဒုတိယအများဆုံး

မန်စီးတီးအသင်းရဲ့ ဒီနှစ်နွေရာသီ ဘောလုံးသမားဝယ်ယူရေးမှာ အာဆင်နယ်တိုက်စစ်မှူး အဒီဘာယောကို ပေါင် ၂၅သန်းနဲ့ ခေါ်ယူခဲ့ပြီးတဲ့နောက်မှာ လက်စ်ကော့ကို ဝယ်ယူခဲ့တဲ့ငွေကြေးဟာ ဒုတိယ အများဆုံးဖြစ်ခဲ့ပါတယ်။

မန်စီးတီးနည်းပြ မာ့ခ်ဟူချ်ဟာ ဘောလုံးသမားအသစ် ၁၃ဦးကို ခေါ်ယူခဲ့တဲ့နေရာမှာ တေလာနဲ့ဆယ်ဇင်ဟိုတို့ကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ရရှိခဲ့တာဖြစ်ပြီး ကျန်တဲ့ ဘောလုံးသမားတွေကိုတော့ ထိုက်သင့်တဲ့ငွေကြေးတွေ ပေးချေခဲ့ရတာပဲ ဖြစ်ပါတယ်။

ထပ်သုံးမည်

မန်စီးတီးကလပ်ကို အောင်မြင်မှုတွေရရှိစေလိုတဲ့ ပိုင်ရှင်စော်ဘွားတွေကတော့ လာမယ့်ဇန်နဝါရီလအထိ ဘောလုံးသမားအသစ် ဝယ်ယူဖြည့်ဆည်းဖို့အတွက် နောက်ထပ်ပေါင်သန်း ၁၀၀ထပ်သုံးမယ်လို့ ဆိုနေတာကြောင့် မန်စီးတီးအသင်းရဲ့ သုံးစွဲမှုငွေကြေးဟာ ပရီမီယာလိဂ်မှာတော့ ဘယ်အသင်းမှ လိုက်မီမှာ မဟုတ်ပါဘူး။

မျှော်လင့်ချက်

မန်စီးတီးရဲ့ အခုလို ငွေကြေးပုံအောသုံးစွဲမှုဟာ လာမယ့်သုံးနှစ်အတွင်းမှာ ပရီမီယာလိဂ်ဖလား ရယူနိုင်ရေးအတွက် မျှော်လင့်ချက်ထားရှိနေပြီး ချန်ပီယံလိဂ်ပွဲစဉ်တွေကို နှစ်တိုင်း ဂုဏ်သိက္ခာရှိရှိ ပါဝင်ဆင်နွှဲနိုင်ဖို့ဖြစ်တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် မန်စီးတီးအသင်းကို ကမ္ဘာ့ထိပ်တန်းဘောလုံးသမားတွေ ပြောင်းရွှေ့ကစားလိုတဲ့ဆန္ဒတွေ ပြင်းပြလာစေမယ့် အသင်းဖြစ်စေရမယ်ဆိုတဲ့ ရည်မှန်းချက်လည်းရှိနေပါတယ်။

သုံးစွဲခဲ့

ပရီမီယာလိဂ် ထိပ်တန်းအသင်းတွေရဲ့ ပြီးခဲ့တဲ့ ၁၂လတာ ကာလအတွင်းမှာ ဘောလုံးသမားတွေအတွက် သုံးစွဲခဲ့တဲ့ ငွေကြေးကိုကြည့်ရင် မန်ယူက ပေါင် ၇၆ ဒသမ ၃ သန်း၊ ချယ်လ်ဆီးက ပေါင် ၂၉သန်း၊ လီဗာပူးက ပေါင် ၈၁ ဒသမ ၃ သန်း၊

အာဆင်နယ်က ပေါင် ၄၀ ဒသမ ၈ သန်း၊ စပါးက ပေါင် ၁၀၂သန်းနဲ့ ဗီလာအသင်းက ပေါင် ၅၀ ဒသမ ၄ သန်းသုံးစွဲထားတာ တွေ့ရပါတယ်။ ဒီလိုငွေကြေးသုံးစွဲမှု ပမာဏကိုကြည့်ရင် မန်စီးတီးက ထိပ်ဆုံးက သုံးစွဲမှုအများဆုံးဖြစ်နေတာ တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် ပရီမီယာလိဂ်မှာ ငွေကြေးပုံအောသုံးစွဲထားတဲ့ မန်စီးတီးအသင်းဟာ ငွေကြေးကုန်ကျမှုနဲ့ညီမျှတဲ့ အောင်မြင်မှုရလဒ်ရရှိမှု ရှိ မရှိ ဆိုတာကတော့ စောင့်ကြည့်သွားရမှာ ဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

ပရီမီယာလိဂ်ဖလားလုပွဲ ပြီးဆုံးမှုမရှိသေးဟု လီဗာပူးနည်းပြ ဘင်နီတက်ဇ်ဆို

လန်ဒန် ဩဂုတ် ၂၆

မိမိ၏အသင်းသည် ပရီမီယာလိဂ်ပြိုင်ပွဲတွင် နှစ်ပွဲရှုံးနိမ့်ခဲ့သော်လည်း ယခုနှစ် ပရီမီယာလိဂ်ဖလားလုပွဲ စိန်ခေါ်မှုမှာ မပြီးဆုံးသေးကြောင်း လီဗာပူး အသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်က ပြောကြားလိုက်သည်။

ခြေစွမ်းအမှန်

လာမည့်စနေနေ့ ဘော်လ်တန်အသင်းနှင့်ကစားမည့်ပွဲ၌ လီဗာပူးအသင်း၏ ခြေစွမ်းအမှန်ကို တွေ့ရလိမ့်မည်ဖြစ်ကြောင်း၊ အနိုင်ကစားသွားမည်ဖြစ်ကြောင်း၊ အရာရာတိုင်းသည် အပြောင်းအလဲရှိကြောင်း၊ ယုံကြည်မှုလည်း အပြည့်အဝရှိကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။ (အင်တာနက်)

ဘာရာဇီးနောက်တန်းကစားသမား မန်စီးတီးသို့ရောက်ပြီ

လန်ဒန် ဩဂုတ် ၂၆

ဘာရာဇီး နောက်တန်းကစားသမား ဆယ်ဇင်ဟိုအား မန်စီးတီးက တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

အသက် ၃၅နှစ်ရှိ ဆယ်ဇင်ဟိုသည် အာဆင်နယ် ဝဲနောက်တန်း ကစားသမားဟောင်း ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် မန်ယူကို အနိုင်ရခဲ့သည့်ပွဲ၌ ဘာစီလိုနာအသင်းမှ ပါဝင်ကစားခဲ့သူဖြစ်သည်။

ဆယ်ဇင်ဟိုသည် ဘာစီလိုနာအသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား နှစ်လုံးနှင့်စပိန်လာလီဂါဖလားသုံးလုံး ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

ဂျေလ လက်ဝှေ့သမားအာသာ ဓနသဟာယချန်ပီယံခါးပတ်လုမည်

လန်ဒန် ဩဂုတ် ၂၆

ဓနသဟာယ ချန်ပီယံခါးပတ်သည် မိမိကိုယ်မှာ မကြာမီတွေ့ရလိမ့်မည်ဖြစ်ကြောင်း လွန်ခဲ့သော ခြောက်နှစ်က ကြေးစားလက်ဝှေ့သမားလောကမှ အနားယူပြီး ကြိုးဝိုင်းအတွင်း ပြန်ဝင်လာသည့် ဂျမိုင်းအာသာက ဆိုသည်။

အသင့်ဖြစ်

ဝေလနယ်သားအာသာသည် ၂၀၀၂ ခုနှစ်က ဓနသဟာယချန်ပီယံ ဖြစ်ခဲ့ဖူးသူဖြစ်သည်။ ယခုအခါ ယင်းချန်ပီယံခါးပတ်အတွက် မာတင်လက်ဆေးနှင့် ထိုးသတ်ယှဉ်ပြိုင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း အာသာက ပြောကြားသည်။

အာသာသည် ၂၀၀၈ ခုနှစ်မှစပြီး လက်ဝှေ့ကြိုးဝိုင်းထဲသို့ ပြန်လာချိန်မှစ၍ ရှုံးပွဲမရှိ စံချိန်တင်ထားသူဖြစ်သည်။ **(အင်တာနက်)**

ရုရှားကွင်းလယ်ကစားသမား အဲဗာတန် ငါးနှစ်စာချုပ်

လန်ဒန် ဩဂုတ် ၂၆

အဲဗာတန်အသင်းက ရုရှား ကွင်းလယ်ကစားသမား ဘီလ်ယာလက်ဒီနော့ဗ်အား လိုကိုမိုးတစ်မော်စကိုကလပ်မှ ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။

ခေါ်ယူခဲ့

အသက် ၂၄နှစ်ရှိ ယင်းကွင်းလယ်ကစားသမားသည် နိုင်ငံအသင်းအတွက် ၂၈ကြိမ် ပါဝင်ကစားပေးခဲ့သူဖြစ်သည်။ ၎င်းအား အဲဗာတန်က ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘီလ်ယာလက်ဒီနော့ဗ်၏ အရပ်မှာ ခြောက်ပေနှင့် တစ်လက်မရှိပြီး ဘယ်သန်ကစားသမားတစ်ဦးဖြစ်သည်။ (အင်တာနက်)

ကမ္ဘာ့နံပါတ်တစ် ဖက်ဒဲယား စင်စင်နာတီဖလားဆွတ်ခူး

အိုဟိုင်းယိုး ဩဂုတ် ၂၆

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် စင်စင်နာတီမြို့၌ ကျင်းပသည့် စင်စင်နာတီမာစတာဖလား တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားက နိုဗက်ဒီဂျိုကိုဗစ်အား အနိုင်ရပြီး သုံးကြိမ်မြောက် စင်စင်နာတီမာစတာ ဖလားကိုင်မြှောက်ခွင့်ရခဲ့သည်။

ဆွတ်ခူး

ဖက်ဒဲယားသည် အကြိုဗိုလ်လုပွဲတွင် အင်ဒီမာရေးအား အနိုင်ရခဲ့ပြီးနောက် ဒီဂျိုကိုဗစ်အား ၆-၁၊ ၇-၅ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး စုစည်းတင်ပြသည်

အားကစားသတင်းအတိုအထွာ

အာကာဟိန်း စုစည်းဖော်ပြသည်

နစ္စတယ်ရွိုင်း ရီးရဲမက်ဒရစ်၌ ပြန်လာမည်

ဒူးဒဏ်ရာရရှိပြီးနောက် ကိုးလကြာ အနားယူခဲ့ရသော ရီးရဲမက်ဒရစ် တိုက်စစ်မှူးနစ္စတယ်ရွိုင်းသည် ရီစင်ဘော့နှင့် ရီးရဲမက်ဒရစ်တို့ ချစ်ကြည်ရေးပွဲတွင် ၁၅မိနစ်ခန့် ပါဝင်ကစားခဲ့ရာ လာမည့်ပွဲစဉ်များ၌ ပြန်လည်ကစားနိုင်တော့မည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ်ကလပ်က ဩဂုတ်၂၆ရက်၌ သတင်းထုတ်ပြန်သည်။

အာရှနှင့် ဥရောပ စားပွဲတင်တင်းနစ်ပြိုင်ပွဲစပြီ

အာရှနှင့် ဥရောပ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဩဂုတ် ၂၆ရက်တွင် စတင်ကစားမည်ဖြစ်ကြောင်း၊ အာရှအသင်း၌ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ကစားသမားငါးဦးပါရှိပြီး ဥရောပအသင်းတွင် ဘီလာရုစ်၊ ဂရိ၊ ဂျာမနီ၊ ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံတို့မှ ကစားသမားများ ပါဝင်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမားမိုဒရစ်အား မန်ယူ၏ကမ်းလှမ်းမှု စပါးငြင်းပယ်ခဲ့

စပါးကွင်းလယ်ကစားသမား လူကာမိုဒရစ်ကို မန်ယူကခေါ်ယူရန် ဆက်သွယ်ကမ်းလှမ်းခဲ့သော်လည်း စပါးအသင်းက ငြင်းပယ်ခဲ့ကြောင်း တာဝန်ရှိသူများက ဩဂုတ် ၂၆ရက်၌ ပြောကြားသည်။

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကစားကွင်းများအသင့်ဖြစ်နေပြီ

တောင်အာဖရိကနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်၌ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အားကစားကွင်းများ အသင့်အနေအထား ရောက်ရှိနေပြီဖြစ်ကြောင်း တောင်အာဖရိကဘောလုံးအဖွဲ့ချုပ်က ဩဂုတ် ၂၆ ရက်၌ သတင်းထုတ်ပြန်သည်။

အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ (၅)ကြိမ်မြောက်ဆွတ်ခူးမည်ဟု ဖက်ဒဲယားယုံကြည်

လာမည့်သီတင်းပတ်၌ ကျင်းပမည့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ဖက်ဒဲယားနှင့် ဆာဖီနာတို့ဗိုလ်စွဲရန် ရေပန်းစားနေသည်ကို မိမိသိကြောင်း၊ အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ လေးကြိမ် ဆုဆွတ်ခူးရရှိထားရာ ငါးကြိမ်မြောက်ဆွတ်ခူးနိုင်ရန် မိမိယုံကြည်နေကြောင်း ဖက်ဒဲယားက ဩဂုတ် ၂၆ရက်၌ ပြောကြားသည်။

လီဗာပူးကစားသမားများ၏ စိတ်ဓာတ် အထွတ်အထိပ်ရှိနေဟု ဂျရတ်ဆို

မိမိတို့အသင်း ရှုံးပွဲကြုံတွေ့ခြင်းအတွက် အမှတ်ဆုံးရှုံးသော်လည်း ဖလားရရှိရေး စိတ်ဓာတ်ပြင်းပြမှုမှာ အထွတ်အထိပ်၌ ရှိနေမြဲဖြစ်ကြောင်း လီဗာပူး အသင်းခေါင်းဆောင် ဂျရတ်က ဩဂုတ် ၂၆ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

စင်ကာပူဖလား ၂၀၀၉ ဘောလုံးပြိုင်ပွဲ ထိုင်းအသင်းကို အနိုင်ကစားမည်ဟု ကမ္ဘောဒီးယားပြောကြား

စင်ကာပူဖလား - ၂၀၀၉ ဘောလုံးပြိုင်ပွဲဝင် ကမ္ဘောဒီးယားနိုင်ငံမှ ဖနောင်ပင်ကရောင်းကလပ် ဘောလုံးအသင်းသည် လာမည့်စက်တင်ဘာ ၂ ရက်၌ ထိုင်းကလပ်အသင်းဖြစ်သည့် ဗန်ကောက်ဂလက်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ၌ နိုင်ပွဲရရှိရန် ကစားသွားမည်ဟု ယင်းကလပ်တာဝန်ရှိသူများက ဩဂုတ် ၂၆ရက်၌ ပြောကြားသည်။

ဇင်ဘာဘွေ ဘောလုံးဒိုင်လူကြီးများအား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က အဆင့်မြင့်သင်တန်းပေးမည်

ဇင်ဘာဘွေနိုင်ငံမှ ဘောလုံးဒိုင်လူကြီးများအား အဆင့်မြင့်သင်တန်းပေးမည်ဟူသော ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ဆုံးဖြတ်ချက်ကို မိမိတို့ဝမ်းမြောက်ဝမ်းသာကြိုဆိုကြောင်း ဇင်ဘာဘွေဘောလုံးအဖွဲ့ချုပ်က ဩဂုတ် ၂၆ ရက်၌ သတင်းထုတ်ပြန်သည်။ ***(အင်တာနက်)***

လှိုက်လှဲစွာဂုဏ်ပြုခြင်း

ဦးသာရင်ဆေးတိုက် (ဦးသာရင်၏ နဂါးအမှတ်တံဆိပ် သွက်ချာပါဒလေငန်းဆေးမှုန့်နှင့် သွက်ချာပါဒလေငန်းဆေးပြား)၊ လွင်မြင့်အောင် အင်ဒတ်စထရီရယ်လ်ကုမ္ပဏီလီမိတက်(လွင်မြင့်အောင်အမှတ်တံဆိပ် မြင်းခွာရွက်ဆေးရည်)တို့၏ စီမံခန့်ခွဲမှု စနစ်သည် WHO Guidelines on Good Manufacturing Practices(GMP) for Herbal Medicines 2007 ၏ ညွှန်ပြချက်များနှင့် ညီညွတ်မှုရှိကြောင်း စစ်ဆေးတွေ့ရှိ၍ Good Manufacturing Practice (GMP)Certificate ကို SGS(Thailand) မှ Certificate TH09/3125 ဖြင့် ရရှိခဲ့ခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်-

ဦးမောင်မောင်ဦး ဂရိတ်ဝေါ	ဒေါက်တာဦးဘိုကြီး ရုပ်ပျို	ဦးတင်မောင် စန္ဒီပရဆေး	ဦးထွန်းရွှေ ထွန်းရွှေဝါ	ဒေါက်တာဦးခင်မောင်ထွန်း ထက်လင်း	ဒေါ်ငွေငွေခိုင် မောရိယ
ဒေါ်လှလှယဉ် ဝိဇ္ဇာမျက်လုံး	ဒေါက်တာဒေါ်သင်းနွယ်ဝင်း နန်းဝင်းပတ္တမြား	ဦးကြည်စိုး ကေသီပန်	ဦးကျော်ကျော်ငွေ မုန်ချို	ဦးသိန်းဝင်း အဝေရာ	ဦးတင်မောင်ကြည် အေးငြိမ်းသီတာ
ဦးအောင်ရွှေ Taile Machinery Trading	ဦးသိန်းအောင် Ever Light Electric Service	ဒေါ်မျိုးမျိုးခိုင် Ki Ki Media	ဦးလှထွန်း ထွန်းစက်မှုလက်မှု	Shwe Htee Printing House	ဦးနေထွန်းလှိုင်-ဒေါ်အေးနှင်းစိုး လမင်းကမ္ဘာ့ပလတ်စတစ်စက်ရုံ

Alpha Color Speration & Computer Graphic — Soe Electric — Happy Pest Control — AMTT Co.,Ltd. — Peace Co.,Ltd.

ဖခင် အမည်မှန်

ညောင်ဦးအထက(၁) တက္ကသိုလ်ဝင်တန်း(C)မှ မဖြူဖြူအေးနှင့် တက္ကသိုလ်ဝင်တန်း(D)မှ မဖြူဖြူမွေးတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းစိုး ၉/ညဥန(နိုင်)၀၅၉၁၃၆ ဖြစ်ပါသည်။

မဘိမ်းမြို့နယ် စည်ပင်သာယာ သွေးလွန်တုပ်ကွေး ကာကွယ်

မဘိမ်း ဩဂုတ် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မိုးရာသီ ရေစီးရေလာကောင်းမွန်ရေး၊ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းလုပ်ငန်းကို ဩဂုတ် ၁၁ ရက်က အမှတ်(၁၁)ရပ်ကွက်၌ ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်၊ အမှုဆောင်အရာရှိ ဦးတင့်နိုင်မိုးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ကြီးကြပ် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရှင်းလင်းပြောကြား

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ စာငှားစနစ် ကျင့်သုံးရေးနှင့် စာကြည့်တိုက် ရှင်သန်ခိုင်မာရေးအတွက် စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးဟောပြောပွဲကို ဩဂုတ်၂၀ရက်က (၄)ရပ်ကွက် အေးချမ်းသာယာစာကြည့်တိုက်တွင် ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းက စာကြည့်တိုက် ကိုယ်ပိုင်မြေနှင့် အဆောက်အအုံ ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားစဉ်။

(မြို့နယ်ပြန်/ဆက်)

ချောင်းဆုံမြို့ သာယာလှပရေး ဆောင်ရွက်

ချောင်းဆုံ ဩဂုတ် ၂၆

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းမြင့်အောင်နှင့် အဖွဲ့ဝန်ထမ်းများ မြို့ဝင်တြိဂံပန်းခြံနှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက် မြက်ပင်၊ချုံနွယ်ပင်များ ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးရဲဝင်းက ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မကွေးတိုင်း မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ဇူလိုင် ၃၁ရက်က မြို့ပြင်လမ်းဘေးဝဲယာတစ်လျှောက် နွယ်သာကီနှင့် စက္ကူပန်းပင်များ စိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြင်းမူမြို့နယ်၌ ဂျင်းကျောက်လမ်းခင်း

မြင်းမူ ဩဂုတ် ၂၆

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ကန်ဖျားကျေးလက်လမ်း ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးသိန်းတို့ ဇူလိုင် ၂၉ရက်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် မောင်လင်းမောင်မောင်ထွေး ၉/မကန(နိုင်)၁၁၃၂၄၄၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) သည် ခရီးသွားရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။ **ဖုန်း-၀၉-၉၀-၃၀၇၄၁။**

အများသိစေရန်

မမော်မော်လတ် မှတ်ပုံတင်အမှတ် ၃/ကကရ(နိုင်) ၀၁၁၇၄၉ သည် ၂၀-၁၀-၂၀၀၃ ရက်တွင် နေအိမ်မှ ၎င်း၏သဘောဆန္ဒအလျောက် ဆင်းသွားခဲ့ရာ ယနေ့အချိန်အထိ နှစ်ဖက်အဆက်အသွယ်လုံးဝမရှိကြတော့သည့်အတွက် မြန်မာ့ဓလေ့ထုံးတမ်းအရ အလိုအလျောက်လင်ခန်းမယားခန်းပြတ်စဲပြီးဖြစ်ပါကြောင်း သိစေအပ်ပါသည်။ **မောင်မျိုးမြင့်(ခ)မောင်မြင့်ဝေ BSN/W-၂၁၆၁၀၂။**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ်-၈၉

မန်နေဂျာ **နှင့်** ဒေါ်နုရ်ဘီ
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်
ကူးသန်းရောင်းဝယ်ရေးဘဏ်
(ရန်ကုန်)

တရားနိုင် **တရားရှုံး**

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၂၉၀ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် စက်တင်ဘာ ၂၈ရက်(မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်၊ အမှတ် ၁၂၀၊ သရဖီလမ်း၊ ဦးပိုင်အမှတ်-၃၃၊ မြေဧရိယာ ၀ဒသမ၀၄၆ဧက၊ နှစ်၂၀ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်အာရ်စီအဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၅၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။
ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် ဇူလိုင် ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ပြုံးပြုံးအေး
တွဲဖက်တိုင်းတရားသူကြီး(၃)
မန္တလေးတိုင်းတရားရုံး။



၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော မင်းဘူးမြို့သာယာလှပရေးလုပ်ငန်းဖြစ်သည့် အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ပန်းအလှပင်များနှင့် အရိပ်ရပင်များ ပျိုးထောင်စိုက်ပျိုးထားမှု အခြေအနေကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးသက်ထွန်း ကြည့်ရှုစစ်ဆေးရာ မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်သန်းငွေတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီးမြို့၌ စာအုပ်စာစောင်နှင့် ငွေပဒေသာပင်လှူဒါန်း

တောင်ကြီး ဩဂုတ် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ရှင်သန်အောင်မြင်ရေးအတွက် စာအုပ်စာစောင်နှင့် ငွေပဒေသာပင်ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးကျော်စွာက အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေပဒေသာပင်ကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေလွင်က လက်ခံယူသည်။

လက်ခံ

ဆက်လက်၍ မြို့နယ်အတွင်းရေးမှူး ဦးမြင့်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်ဝင်းနှင့် ဌာနဆိုင်ရာများ၊ အေးသာယာမြို့၊ ရွှေညောင်မြို့နှင့် တောင်ကြီးမြို့ပေါ်ရပ်ကွက်များမှ ငွေပဒေသာပင်များ ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဒေါ်မေလွင်က လက်ခံယူသည်။

ထို့နောက် လှူဒါန်းပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က ရှင်းလင်းတင်ပြပြီး စာဖတ်စနစ်ကျင့်သုံးရေး၊ ကျေးရွာ စာကြည့်တိုက်များအား ဒုတိယဘုန်းတော်ကြီးကျောင်းအဖြစ် ဆောင်ရွက်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

အဆိုပါလှူဒါန်းပွဲမှ စာအုပ်စာစောင် ၂၀၀အတွက် တန်ဖိုးငွေကျပ်၅၀၀၀၀နှင့် လှူဒါန်းငွေကျပ် ၁၀၀၀၀၀၀ ရရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်စီစဉ်မှုဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း သိရှိလိုက်နာစေရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဇာတ်လမ်းခွေ ပေးအပ်ပွဲကို ဇူလိုင် ၁၁ရက်က မော်လမြိုင်မြို့ လှိုင်ရပ်ကွက်ရှိ အထက(၂) အခြေခံပညာအထက်တန်းကျောင်း လှိုင်ရတနာအစည်းအဝေးခန်းမ၌ ကျင်းပရာ မော်လမြိုင်မြို့နယ်တာဝန်ခံ(ယာဉ်ထိန်း)ဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း လမ်းစည်းကမ်းပညာပေးဇာတ်လမ်းခွေ ပေးအပ်ရာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်အိန်းက လက်ခံယူစဉ်။ (၀၁၄)

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာအုပ်စာစောင်တိုးပွားရေး တံတားဦး၌ ဆောင်ရွက်

တံတားဦး ဩဂုတ် ၂၅

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာအုပ်၊စာစောင် တိုးပွားရေး၊ စံပြစာကြည့်တိုက်များ ပေါ်ပေါက်ရေး၊ ကျေးရွာစာကြည့်တိုက်များ စာဌားစနစ်ကျင့်သုံးရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၇ရက် မွန်းတည့် ၁၂နာရီက တံတားဦးမြို့နယ် ကန်ကြီးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာကျောင်းအုပ်ဆရာကြီးနှင့်ဆရာ ဆရာမများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဦးဘိုမောင်က ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာအုပ်၊ စာစောင်တိုးပွားရေး၊ စံပြစာကြည့်တိုက်များ ပေါ်ပေါက်လာရေး၊ ကျေးရွာစာကြည့်တိုက်များ စာဌားစနစ်ကျင့်သုံးရေးအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌဦးစိုးဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ***(မြို့နယ် ပြန်/ဆက်)***

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးအပ်ပွဲကို ဩဂုတ်၁၅ရက်က ကျင်းပရာ ၂၀၀၉ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင်ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မမေဦးခင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွှန့်ညွှန့်ခင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မြို့နယ်သတင်းများ

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုလ်ဂန့်ဂေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်လျက်ရှိသော မြို့ပတ်လမ်း(အနောက်) မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဆီဆိုင်မြို့၌ အာဟာရကျွေးမွေး

ဆီဆိုင် ဩဂုတ် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် ဆီဆိုင်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ အမှတ်(၂)မူလတန်းလွန်ကျောင်းမှ ကျောင်းသားကျောင်းသူလေးများ အာဟာရကျွေးမွေးခြင်းနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းတို့ကို ဩဂုတ်၇ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အာဟာရကျွေးမွေး

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အေးမြစီက ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အထောက်အကူပြု အလှူငွေများ ပေးအပ်လှူဒါန်းပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမိုးထွန်းက ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးစေသည့် အစားအုပ်စုသုံးအုပ်စုပါ အာဟာရအစွမ်းသတ္တိများနှင့် အခြားကျန်းမာရေးဆိုင်ရာ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများအကြောင်းကို ပညာပေး ဟောပြောပြီးနောက် ကျောင်းတွင်းရှိ ကျောင်းသားကျောင်းသူ ၃၀၀ကျော်တို့အား အာဟာရ ကြက်သားဆန်ပြုတ်ဖြင့် နေ့လယ်စာ ကျွေးမွေးကြောင်း သိရသည်။ (၀၁၅)

အင်းတော်မြို့နယ်ပညာရေးမှူးဖလား ကျောင်းပေါင်းစုံဘောလုံးပြိုင်

အင်းတော် ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းအင်းတော်မြို့နယ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ U-13 (ကျား/မ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ရက် နံနက်၇နာရီက အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

အနိုင်ရရှိ

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ကိုယ်စား အင်းတော် အထက ကျောင်းအုပ်ဆရာကြီး ဦးငွေဝင်းက ကွင်းဖွင့်အမှာစကားပြောကြားပြီး အမျိုးသား(ကျား) ပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် နန့်စီးအောင်ပညာရေးအုပ်စုအသင်းနှင့် အင်းတော်အထကအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နန့်စီးအောင်ပညာရေးအုပ်စုအသင်းက အင်းတော်အထကအသင်းကို ခြောက်ဂိုး-ဂိုး မရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **(၀၃၀)**

ထို့နောက် ပြိုင်ပွဲတွင် ဆုရသူများအား ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။ (၀၃၂)

သီးနှံစိုက်ပျိုးရေး မိုးကောင်း၌ ညှိနှိုင်းစည်းဝေး

မိုးကောင်း ဩဂုတ် ၄

မိုးရာသီ သီးနှံစိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင်၂၇ ရက် မွန်းလွဲ ၁နာရီက မိုးကောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန် တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တစ်မိုးနှစ်သီးစပါးစိုက်ပျိုးရေးနှင့် မိုးစပါးသတ်မှတ်လျာထားချက်အတိုင်း ကေပြည့်မီအောင် စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။ (၀၀၁)

ကောလင်းမြို့နယ်၌ ကောက်စိုက်စွမ်းရည်ယှဉ်ပြိုင်

ကောလင်း ဩဂုတ် ၂၂

ကောလင်းမြို့နယ် မိုးစပါး အထူးအထွက်တိုးရေး ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၉ရက် နံနက် ၉နာရီက ကောလင်းမြို့နယ် ဝါးရုံခုံအုပ်စု ဝါးရုံခုံကျေးရွာ ကွင်းအမှတ် ၁၉၈၃ ဦးပိုင်အမှတ် ၁၄ တောင်သူဦးစိန်ဖေ၏လယ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်ဝင်း၊ မြို့နယ်ဆည်မြောင်းဦးစီးမှူး ဦးစောအောင်သစ်လွင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌများ၊ ပြိုင်ပွဲဝင် ကောက်စိုက်သမများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲစည်းကမ်းချက်များကို မြို့နယ်ဆည်မြောင်းဦးစီးမှူး ဦးစောအောင်သစ်လွင်က ရှင်းလင်းပြောကြားသည်။

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အိမ်တွင်းမှုကျောင်းရှေ့တွင် အရိပ်ရပင်များ စိုက်ပျိုးနေမှုကို တာဝန်ခံအင်ဂျင်နီယာဦးလှမြင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ခြင်ဆေးဖျန်း

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဖစုနှင့် အဖွဲ့ဝန်ထမ်းများ သွေးလွန်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျောင်းများတွင် ခြင်ခိုအောင်းနိုင်သောနေရာများနှင့် ရေဝပ်သော နေရာများ၌ ခြင်ဆေးဖျန်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရှေ့နေချုပ်ရုံး
ကြော်ငြာစာအမှတ် ၁/၂၀၀၉ လျှောက်လွှာများခေါ်ယူခြင်း

၁။ ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တို့တွင် လစာနှုန်းကျပ် (၃၉၀၀၀-၁၀၀၀-၄၄၀၀၀)ရရှိသော ဥပဒေအရာရှိအဆင့် (၄)ရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနည်းဆုံး ဥပဒေဘွဲ့ (LL.B) ရရှိပြီးသူ ဖြစ်ရမည်။

(ဂ) ၁-၈-၂၀၀၉ရက်တွင် အသက် (၂၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
ဝန်ထမ်းဖြစ်ပါက အသက် (၃၀)ထက်မကြီးသူဖြစ်ရမည်။

(ဃ) မဟာဥပဒေဘွဲ့ (LL.M)ရရှိသူဖြစ်ပါက အသက်လျှော့ပေါ့စဉ်းစားမည်။

(င) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

၃။ စာမေးပွဲဝင်ကြေး ၅၀၀/-(ကျပ်ငါးရာတိတိ)ကို မြို့နယ်များရှိ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ မြို့နယ်ဥပဒေရုံး ငွေစာရင်းခေါင်းစဉ်သို့လည်းကောင်း၊ ရန်ကုန်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅)၌ ငွေစာရင်းအမှတ် အမ်ဒီ-၀၀၀၂၈၄သို့လည်းကောင်း ပေးသွင်းရမည်။

၄။ သတ်မှတ်ထားသော လျှောက်လွှာပုံစံတစ်စောင်ကို စာမေးပွဲအတွက် ငွေသွင်းချလန်မူရင်းပြ၍ ခရိုင်ဥပဒေရုံးများတွင် ၂၀၀/-(ကျပ်နှစ်ရာတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ (ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံနှစ်စောင် ဝယ်ယူရပါမည်။)

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲပါရှိရပါမည်-

(က) ဥပဒေဘွဲ့၊ မဟာဥပဒေဘွဲ့ လက်မှတ်မိတ္တူများ ပူးတွဲတင်ပြရမည်။ စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်။

(ခ) စာမေးပွဲဝင်ကြေးပေးသွင်းထားသည့် ငွေသွင်းချလန်မူရင်း။

(ဂ) အသက်အတွက် အခြေခံပညာအထက်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူမှန် ပူးတွဲတင်ပြရမည်။ စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်။

(ဃ) ပြင်ပပုဂ္ဂိုလ်များအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ပြန်တမ်းဝင်အရာရှိနှစ်ဦး၏ ၁-၈-၂၀၀၉ ရက်နောက်ပိုင်း ထောက်ခံသည့် ထောက်ခံချက်မူရင်း။

(င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူမှန်။

၆။ လျှောက်လွှာပိတ်ရက်သည် ၃၀-၉-၂၀၀၉ရက် ညနေ ၄း၃၀နာရီဖြစ်သည်။

၇။ လျှောက်ထားသူသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက လျှောက်လွှာကို မိမိလျှောက်လွှာထုတ်ယူခဲ့ရာ ခရိုင်ဥပဒေရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ရက်ထက် မကျော်လွန်စေဘဲ အရောက်ပေးပို့ရမည်။

၈။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခွင့်ပြုနိုင်သော ဌာနဆိုင်ရာအကြီးအကဲမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ် ရှေ့နေချုပ်ရုံး နေပြည်တော်သို့လည်းကောင်း၊ ကျန်လျှောက်လွှာတစ်စောင်ကို မိမိလျှောက်လွှာထုတ်ယူခဲ့သည့် သက်ဆိုင်ရာ ခရိုင်ဥပဒေရုံးသို့လည်းကောင်း သတ်မှတ်ရက်ထက် မကျော်လွန်စေဘဲ ပြန်လည်အရောက်ပေးပို့ရမည်။

၉။ ရေးဖြေစာမေးပွဲကို ရန်ကုန်နှင့်မန္တလေးမြို့များတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ကျင်းပမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို သတင်းစာများ၌ အချိန်မီကြိုတင်ကြေညာပါမည်။ တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၁၀။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်များ ဖြေဆိုရပါမည်-

(က) မြန်မာစာ

(ခ) အင်္ဂလိပ်စာ

(ဂ) အထွေထွေဗဟုသုတ

(ဃ) ဥပဒေဘာသာရပ် (၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာ ဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် သက်သေခံအက်ဥပဒေ)

၁၁။ စည်းကမ်းနှင့်မကိုက်ညီသော (သို့မဟုတ်)မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရပါမည်။

၁၃။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုပါမည်။

၁၄။ ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် အနည်းဆုံး ငါးနှစ်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

ရှေ့နေချုပ်ရုံး။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၂၉၊ ဦးပိုင်အမှတ် (၃၉)/၂၇လမ်း× ၂၈လမ်း/လမ်း၉၀× ၉၁လမ်းကြား/မောင်ဖြူ-ပါ(၂) အမည်ပေါက်မြေကွက်အား ဦးသိန်းအောင် ၉/မနတ(နိုင်)၀၉၅၈၃၅က အမှုတွဲအမှတ် ၀၀၈၅/ဘ(ပြောင်း)/၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် (၆)၊ ဦးပိုင်အမှတ် (၄)/၆၄လမ်း/ ၁၈လမ်း×၁၉လမ်းကြား/မကြီး အမည်ပေါက် မြေကွက်အား ဦးသိန်းဆွေ ၉/မနမ(နိုင်)၀၆၃၇၃၄ က အမှုတွဲအမှတ် ၀၁၂၆/၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ သက်တမ်းတိုး/အမည်ပြောင်း/ဂရန်ပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ဖခင်အမည်မှန် မော်ဘီမြို့နယ် ဝါးနက်ချောင်းစံပြကျေးရွာ အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်စိုင်းစည်သူအောင်(၂)၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်းမြိုင်ဖြစ်ပါကြောင်း။ **ဦးအောင်ထွန်းမြိုင်။**

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးတိုင်းတရားရုံး
၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၂၉၈

ဒေါ်ကြည်ကြည်လွင် နှင့် ဒေါ်သင်းသင်းခိုင်
တရားလို **တရားခံ**

ဒေါ်သင်းသင်းခိုင် ၁/မညန(နိုင်)၀၀၁၈၆၄တစ်ဆင့် /ဒေါ်အိမ်မဲ ၈၇လမ်း၊ ၃၂×၃၃လမ်းကြား ကုန်စည်ဒိုင်အနောက်ပေါက်အနီး ပြည်ကြီးပျော်ဘွယ် အရှေ့ရပ်ကွက် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ကြည်ကြည်လွင်က ငွေကျပ်၂၂၅သိန်းရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် စက်တင်ဘာ ၁၄ရက် (၁၃၇၁ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် ဩဂုတ် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်လှ
တွဲဖက်တိုင်းတရားသူကြီး(၂)။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၁၂၈၇၊ယင်ဇင်း ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်မော် ၅/စကန(နိုင်)၂၁၆၇၂၅က ယာဉ်မှတ်ပုံ တင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန
ခရိုင်ရုံး(စစ်ကိုင်းမြို့)။

တွဲဖက်ရွှေကျင်သာသနာပိုင်
သီရိမန္တစံကျောင်း ဆရာတော်ကြီး
ဘဒ္ဒန္တရာဇိန္ဒာဘိဝံသ မဟာထေရ်၏
အန္တိမအဂ္ဂိစျာပနပူဇော်ပွဲ
အထူးတရားပွဲကျင်းပပါမည်

၁၃၇၁ခုနှစ် တော်သလင်းလဆန်း ၄ရက် (၂၃-၈-၂၀၀၉ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၂း၄၀နာရီတွင် ဘ၀နတ်ထံစံလွန်တော်မူသော ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ ရွှေဟင်္သာသီရိမန္တစံကျောင်းဆရာတော်ကြီး ဘဒ္ဒန္တရာဇိန္ဒာဘိဝံသ မဟာထေရ်၏ အန္တိမအဂ္ဂိစျာပနပူဇော်ပွဲအကြို အထူးတရားပွဲ ဖော်ပြပါဆရာတော်ကြီးများက ညစဉ် ၇ နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

တရားပွဲအစီအစဉ်

၂၆-၈-၂၀၀၉ရက်(ဗုဒ္ဓဟူးနေ့) - ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (တိပိဋကယောဆရာတော်)၊

၂၇-၈-၂၀၀၉ရက်(ကြာသပတေးနေ့) - ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ၊

၂၈-၈-၂၀၀၉ရက်(သောကြာနေ့) - သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ ဒေါက်တာအရှင်ဉာဏိသရ။

တရားမပုံစံ-၁၄၁

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ
လျှောက်ထားကြောင်းအကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)
မုံရွာခရိုင်တရားရုံး
၂၀၀၉ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၄

ကွယ်လွန်သူ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ ဧရာဝတီလမ်းနေ ဒေါ်လှသန်း၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း။

ဦးကိုကိုမော် **လျှောက်ထားသူ**

မုံရွာမြို့၊ နန္ဒဝန်ရပ်၊ ဗိုလ်တေဇလမ်းနေ ဦးကိုကိုမော်က ကွယ်လွန်သူ ဒေါ်လှသန်း၏ ကိတ္တိမသားဖြစ်သည်ဟူ၍ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ ဧရာဝတီလမ်းနေ ဒေါ်လှသန်း(ကွယ်လွန်)မှာ ကျန်ရှိရစ်သောပစ္စည်းနှင့် ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးသို့ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများသူတို့ သိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်လှသန်းတွင် ကျန်ရှိရစ်သောပစ္စည်းအပေါ် ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၉ခုနှစ် စက်တင်ဘာ ၂၁ရက် (၁၃၇၁ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူဦးကိုကိုမော်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၉ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝါဝါထွန်း
ဒုတိယခရိုင်တရားသူကြီး
မုံရွာခရိုင်တရားရုံး။

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဂန္ဓမာမြိုင်အဝိုင်းလမ်းဆုံတွင် ပန်းရဟတ်ဖြင့် မြေယာရှုခင်းအလှဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တက်နေဝန်း စာကြည့်တိုက်ဖွင့်လှစ်ရေး ငွေနှင့် စာအုပ်လှူဒါန်းပွဲ ရေတာရှည်၌ ကျင်းပ

ရေတာရှည် ဩဂုတ် ၂၂

ရေတာရှည်မြို့နယ် နတ်ရေတွင်းကျေးရွာ တက်နေဝန်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်လှစ်နိုင်ရေး ငွေနှင့် စာအုပ်များလှူဒါန်းပွဲကို ဇွန် ၂၁ ရက်က နတ်ရေတွင်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စံ(၅)ချက်ဖြင့် ဆောင်ရွက်ရန် ရှင်းလင်းဟောပြောပြီး အလှူငွေနှင့် စာအုပ်များကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်ထံသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးဦးသန်းထွန်းက တာဝန်ရှိသူများလိုက်ပါ၍ နတ်ရေတွင်းကျေးရွာ တက်နေဝန်းစာကြည့်တိုက် အဆောက်အအုံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းအဖြစ် ဆောင်ရွက်သည့် အမှတ် (၄)ရပ်ကွက် ရေပေးရေးလုပ်ငန်း လေးလက်မ စက်ရေတွင်းတူးဖော်ဆောင်ရွက်နေမှုကို ဦးစီးအရာရှိ ဦးကျော်သူလတ်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးစောဘကြည်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စလင်း၌ တမန်းမွှေစက်စွမ်းရည်ပြသ

စလင်း ဩဂုတ် ၂၃

စလင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနကကြီးမှူး၍ လယ်မြေများတွင် တမန်းကောင်းရရှိနိုင်ရေးအတွက်တွင်ကျယ်စွာအသုံးပြုနိုင်သော တမန်းမွှေစက်စွမ်းရည်ပြပွဲကို ဩဂုတ်၂၁ရက်က စလင်းမြို့မြင်တင်ရပ်ကွက်တောင်သူကြီး ဦးကျောက်ဒိုး၏ လယ်မြေ၌ ကျင်းပသည်။

အားပေး

တမန်းမွှေစက်စွမ်းရည်ပြပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးလှထွဋ်နှင့်အဖွဲ့ဝင်များ၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

စိတ်ပါဝင်စား

စက်စွမ်းရည်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်ဝင်းက တမန်းမွှေစက်နှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်း၍ တမန်းမွှေစက်ကို လက်တွေ့မောင်းနှင်ပြသရာ တက်ရောက်လာကြသည့် တောင်သူဦးကြီးများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်ကို တွေ့ရသည်။

အသုံးပြုနိုင်

အဆိုပါစက်သည် မြေကျွံသည့် လယ်မြေများတွင်သာမက မြေမကျွံသည့် လယ်မြေများ၌လည်း လယ်မြေကေအကျဉ်း အကျယ်မရွေး တမန်းမွှေနိုင်သည့်အပြင် တမန်းကောင်းရရှိရေးအတွက် တွင်ကျယ်စွာ အသုံးပြုနိုင်ကြောင်း သိရသည်။

(၀၇၁)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* ✳ VOA, BBC - ရန်တိုက်ပေးနေသည်။
* ✳ RFA, DVB - သွေးထိုးနေသည်။
* ✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* ✳ နားမယောင်လေနဲ့ သတိထား။

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားသည့် ၂၃ ဦးမြောက်လူနာ ဆေးရုံမှဆင်းပြီဖြစ်

ကျန်လူနာသုံးဦး သက်သာလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၆

အင်းစိန်ပြည်သူ့ဆေးရုံကြီးမှ အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦးမှာ ရောဂါပျောက်ကင်းပြီဖြစ်၍ ဆေးရုံမှဆင်းပေးလိုက်ကြောင်း၊ ၄င်းလူနာနှင့်အတူနေ မိသားစုဝင်လေးဦးကိုလည်း စောင့်ကြပ်ကြည့်ရှုခြင်းမှ ရပ်ဆိုင်းပြီးဖြစ်ကြောင်း သိရှိရသည်။

ပြုစုစောင့်ရှောက်

မြန်မာနိုင်ငံ၌ ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားသူ ၂၆ ဦးရှိပြီး *စာမျက်နှာ ၉ ကော်လံ ၇* ■

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နေ့စဉ်နံနက်အိပ်ရာမထမီ အသက်ရှူလေ့ကျင့်ခန်း ပြုလုပ်ပေးပါလျှင် စိတ်ဖိစီးမှုနှင့် သွေးပေါင်ချိန်မြင့်မှုလျော့ကျနိုင်ဟုဆို

နံနက်အိပ်ရာမှ မထမီ ပက်လက်အနေအထားဖြင့် လေကို မှန်မှန်ရှူသွင်းထုတ်သည့် လေ့ကျင့်ခန်းကို ၁၀ မိနစ်ခန့် နေ့စဉ်ပြုလုပ်ပေးပါက စိတ်ဖိစီးမှုလျော့ကျစေနိုင်ကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက အကြံပြုပြောကြားထားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် မိချောင်းအိုင်ရွာမှ ဟင်းသီးဟင်းရွက် စိုက်ခင်းနှင့် ပန်းစိုက်ခင်းများကို ဝေဝေဆာဆာမြင်တွေ့ရသည်မှာ အားရဖွယ်ရာမြင်ကွင်းပင်....။
ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း (လမ်းမတော်)

သတင်းခရီးသည်
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း
ကျော်မြင့်သန်း (လမ်းမတော်)

စာမျက်နှာဖွဲ့စည်းမှု
မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၆

ဧရာဝတီတိုင်း ဒေးဒရဲမြို့ရောက်တော့ ရာသီဥတုက သာသာယာယာ....။ ဒေးဒရဲမြို့နယ် တောင်သူများကား ဟင်းသီးဟင်းရွက်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသလို စီးပွားဖြစ်လည်း စိုက်ပျိုးကြသည်။ အထူးသဖြင့် ပန်းစိုက်ပျိုးမှုလည်း အောင်မြင်ဖြစ်ထွန်းသည်ဆိုသဖြင့် သတင်းအဖွဲ့ ပန်းစိုက်ပျိုးသည့် မိချောင်းအိုင်ရွာသို့ စက်လှေဖြင့် ခရီးဆက်ခဲ့ကြသည်။

မိချောင်းအိုင်ရွာအထိ ဖောက်လုပ်ထားသော တူးမြောင်းလေးအတိုင်း စက်လှေစီးလာခဲ့ရာ လမ်းဘေးဝဲယာတစ်လျှောက်တွင် စပါးခင်း၊ ပျိုးခင်း၊ ၄က်ပျောခြံများ၊ *စာမျက်နှာ ၉ ကော်လံ ၁* ✳